# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်း

**အမှတ် ၄၇ ]** ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် ( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် ) } **သောကြာနေ့ [ အတွဲ ၆၆**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၃**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် )

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော “မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြင်းမူကျေးရွာအုပ်စု၊ ဆင်ရွာကွင်းအတွင်း တည်ထားကိုးကွယ်မည့် ကျောက်စိမ်းစေတီနှင့် ကျောက်စိမ်းဓမ္မာရုံ တည်ဆောက်ရန် နာယကအဖွဲ့နှင့် ဦးစီးကော်မတီ” ပြင်ဆင်ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၃) ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၀/၂၀၁၃**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် )

**Myanmar - EU Contact Group ဖွဲ့စည်းခြင်း**

မြန်မာ-အီးယူဆက်ဆံရေးပိုမိုတိုးမြှင့်နိုင်ရန်၊ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် ကူညီထောက်ပံ့မှုများ ပိုမိုရရှိနိုင်ရန်၊ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် ဥရောပစီးပွားရေးလုပ်ငန်းရှင်များ

ထိတွေ့ဆက်ဆံမှုများရရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းများရရှိစေရန် ရည်မှန်း၍ ကျင်းပမည့် မြန်မာ - အီးယူလုပ်ငန်းအဖွဲ့ (Myanmar - EU Task Force) အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး အတွက် **Myanmar - EU Contact Group** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(၁) ဦးဆက်အောင် — အဖွဲ့ခေါင်းဆောင် (၁)
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၂) ဒေါက်တာဒေါ်ခင်စန်းရီ — အဖွဲ့ခေါင်းဆောင် (၂)
ဒုတိယဝန်ကြီး
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၃) ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(၄) ဦးသန့်ကျော် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန

(၅) ဦးတင်ဦးလွင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန

(၆) ဒေါ်လဲ့လဲ့သိန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၇) ဦးသူရိန်သန့်ဇင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သံတမန်ရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(၈) ဒေါက်တာမျိုးသိမ်းကြီး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၉) ဒေါ်သန်းသန်းလင်း — အဖွဲ့ဝင်
ကျွမ်းကျင်သူ
(အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိ)
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၁၀) ဒေါ်ကေသီစိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဥရောပဌာန
နိုင်ငံရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(၁၁) ဒေါက်တာဇော်ဦး အဖွဲ့ဝင်
အမှုဆောင်ညွှန်ကြားရေးမှူး
စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့
မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ်အဖွဲ့အစည်း

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## (အမိန့်အမှတ် ၄၈/၂၀၁၃)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် )

### ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့စွဲပါ အမိန့်အမှတ် (၁၅/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သော **ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ**တွင် အဖွဲ့ဝင် ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန **အစား** အဖွဲ့ဝင် ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၈၁/၂၀၁၃

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် )

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်ခြင်း

သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၏ သဘောတူညီချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အသီးသီးရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန (Ministry of Finance and Revenue) ကို **ဘဏ္ဍာရေးဝန်ကြီးဌာန (Ministry of Finance)** အဖြစ် အမည်ပြောင်းလဲ သတ်မှတ်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၂/၂၀၁၃**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဒေါက်တာသိန်းလွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | ဦးဝင်းဟန်<br>အထွေထွေမန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏စီးပွားရေးကို အရှိန်အဟုန်ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါအတိုင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်လိုက်သည် -

(က) ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ နယ်နိမိတ်တိုင်းတာပြီးစီးမှု အမှတ်ပေါင်း ၁၇၉ ခုဖြစ်သည့် နယ်မြေဧရိယာစတုရန်းကီလိုမီတာအားဖြင့် ၂၃. ၄၂၂၁၄၈၄၄၂၊ (ဧရိယာအကျယ်အဝန်းအားဖြင့် ၅၇၈၇. ၇၁၈ ဧက) ကို **သီလဝါအထူးစီးပွားရေးဇုန်**အဖြစ် သတ်မှတ်လိုက်သည်။

(ခ) သီလဝါအထူးစီးပွားရေးဇုန်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာ၏ ဖွဲ့စည်းမှုနယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ တင်ပြသော အမှတ်တွဲတွင် ပါရှိသည့်အတိုင်း ဖြစ်သည်။

(ဂ) သီလဝါအထူးစီးပွားရေးဇုန်၏ နယ်နိမိတ်အလားအလာသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

မြောက်ဘက်။ ဘုရားကုန်း-သီလဝါလမ်းနှင့် သီလဝါဆိပ်ကမ်းလမ်းဆုံရှိ မြေတိုင်းမှတ်တိုင် (၁၂၃) (N:1847877.521, E:205796.949) မှ ဘုရားကုန်း-သီလဝါလမ်း၏ အနောက်၊ မြောက်ဘက်တစ်လျှောက် စိုက်ထူထားသော မြေတိုင်းမှတ်တိုင်များ အတိုင်း အရှေ့မြောက်ဘက် ၃. ၂ ကီလိုမီတာခန့်အကွာရှိ ဘုရားကုန်း-သီလဝါလမ်းနှင့်ဖွံ့ဖြိုးရေးလမ်းဆုံရှိ မြေတိုင်းမှတ်တိုင် (၀၉၆) (N:1850284.407, E:207954.516) အထိ။

အရှေ့ဘက်။ ဘုရားကုန်း-သီလဝါလမ်းနှင့်ဖွံ့ဖြိုးရေးလမ်းဆုံရှိ မြေတိုင်းမှတ်တိုင် (၀၉၆) မှ ဖွံ့ဖြိုးရေးလမ်း၏ အရှေ့ဘက်တစ်လျှောက် စိုက်ထူထားသော မြေတိုင်းမှတ်တိုင်များအတိုင်း တောင်ဘက် ၁၀. ၆ ကီလိုမီတာခန့်အကွာရှိ ဖွံ့ဖြိုးရေးလမ်းနှင့် သဘော်ဖျက်စက်ရုံလမ်းထောင့်ရှိ မြေတိုင်းမှတ်တိုင် (၀၀၁) (N:1840511.149, E:212015.422) အထိ။

တောင်ဘက်။ ဖွံ့ဖြိုးရေးလမ်းနှင့် သဘော်ဖျက်စက်ရုံလမ်းထောင့်ရှိ မြေတိုင်းမှတ်တိုင် (၀၀၁) မှ သဘော်ဖျက်စက်ရုံလမ်း၏ တောင်ဘက်တစ်လျှောက် စိုက်ထူထားသော မြေတိုင်းမှတ်တိုင်များအတိုင်း အနောက်တောင်ဘက် ၂. ၄ ကီလိုမီတာခန့်အကွာရှိ သဘော်ဖျက်စက်ရုံလမ်းတောင်ဘက်ရှိ မြေတိုင်းမှတ်တိုင် (၁၆၄) (N:1839299.835, E:209914.662) အထိ ယင်းမှ ဆက်လက်၍ သဘော်ဖျက်စက်ရုံလမ်းမြောက်ဘက်ရှိ မြေတိုင်းမှတ်တိုင် (၁၆၃) (N:1839326.265, E:209898.928) အထိ ယင်းမှ အနောက်ဘက်သို့ စိုက်ထူထားသော မြေတိုင်းမှတ်တိုင်များအတိုင်း ၁. ၃ ကီလိုမီတာခန့်အကွာ သီလဝါဆိပ်ကမ်းလမ်းထောင့်ရှိ မြေတိုင်းမှတ်တိုင် (၁၅၉) (N:1839265.381, E:208591.603) အထိ။

အနောက်ဘက်။ သီလဝါဆိပ်ကမ်းလမ်းထောင့်ရှိ မြေတိုင်းမှတ်တိုင် (၁၅၉) မှ သီလဝါဆိပ်ကမ်းလမ်း အနောက်ဘက်တစ်လျှောက် စိုက်ထူထားသော မြေတိုင်းမှတ်တိုင်များအတိုင်း မြောက်ဘက် ၉. ၁ ကီလိုမီတာခန့်အကွာရှိ သီလဝါဆိပ်ကမ်းနှင့် ဘုရားကုန်း-သီလဝါလမ်းဆုံရှိ မြေတိုင်းမှတ်တိုင် (၁၂၃) အထိ။

မှတ်ချက်။ အထက်တွင် ဖော်ပြထားသော နယ်နိမိတ်အလားအလာများတွင် ပါရှိသည့် မြေတိုင်းမှတ်တိုင်များ၏ တည်နေရာပြကိုဩဒီနိတ်စနစ်သည် World Geodetic System 1984 (WGS 84) စနစ်ဖြစ်သည်။

ခြွင်းချက်။ အဆိုပါနယ်နိမိတ်အတွင်း အောက်တွင် ဖော်ပြထားသည့် ဌာနဆိုင်ရာ၊ အဖွဲ့အစည်း၊ ရပ်ကွက်များနှင့် ဘာသာရေးအဆောက်အအုံများ အသုံးပြုထားသည့် အဝန်းအဝိုင်းများတည်ရှိရာ ၁၃၄၅. ၆၄၄ ဧကကို ချန်လှပ်ထားရမည် -

(၁) မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ ဖန်ချက်စက်ရုံနှင့်စက်မှုဝန်ကြီးဌာန၏ ဓာတ်ဘူးစက်ရုံ ၂၃၇. ၅၁၅ ဧက

| | | |
|---|---|---|
| (၂) | စက်မှုဝန်ကြီးဌာန၏ဓာတ်အားခွဲရုံ | ၂. ၀၉၈ ဧက |
| (၃) | စက်မှုဝန်ကြီးဌာန၏စက်ရုံ တည်ဆောက်ရန်လျာထားမြေ | ၃၈. ၀၃၃ ဧက |
| (၄) | မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ သွပ်ပြားစက်ရုံနှင့်ဖိနပ်စက်ရုံ | ၁၀၄. ၄၅၁ ဧက |
| (၅) | စက်မှုဝန်ကြီးဌာန၏ထုပ်ပိုးစက်ရုံနှင့် အထည်ချုပ်စက်ရုံများ | ၂၀၄. ၆၀၈ ဧက |
| (၆) | သီလဝါဆည် | ၃၈၉. ၂၂၀ ဧက |
| (၇) | ရေကြောင်းတက္ကသိုလ် | ၁၁၀. ၈၁၉ ဧက |
| (၈) | ရေကြောင်းတက္ကသိုလ်အဆောင် | ၂. ၀၃၃ ဧက |
| (၉) | အေးမြသီတာရပ်ကွက် | ၈၃. ၀၅၈ ဧက |
| (၁၀) | ရွှေပြည်သာယာရပ်ကွက် | ၁၄၅. ၃၆၁ ဧက |
| (၁၁) | ဖန်ချက်တောရကျောင်း | ၄. ၉၁၈ ဧက |
| (၁၂) | ဖလမ်းကန်ဦးကျောင်း | ၂. ၆၉၇ ဧက |
| (၁၃) | ဖလမ်းရွာဦးဘုရားလေးကျောင်း | ၂. ၆၀၀ ဧက |
| (၁၄) | သီလဝါကုန်းတန်းတောရကျောင်း | ၁၆. ၄၃၂ ဧက |
| (၁၅) | ခရစ်ယာန်ရှိခိုးကျောင်း | ၀. ၇၄၁ ဧက |
| (၁၆) | ဟိန္ဒူဘုရားကျောင်း | ၁. ၀၆၀ ဧက |

၂။ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးတည်ဆောက်သူ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံသူသည် ဥပဒေအရ ခွင့်ပြုမိန့်ဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) မိမိငှားရမ်းခွင့် (သို့မဟုတ်) အသုံးပြုခွင့်ရရှိသောမြေ၏ မြေပေါ်မြေအောက်၌ ခွင့်ပြုသည့် လုပ်ငန်းနှင့် မသက်ဆိုင်သည့် မူလစာချုပ်တွင် မပါဝင်သော ရှေးဟောင်းဝတ္ထုပစ္စည်းများ တွေ့ရှိလျှင် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်။

(ခ) မိမိငှားရမ်းခွင့် (သို့မဟုတ်) အသုံးပြုခွင့်ရရှိသောမြေ၏ မြေပေါ်မြေအောက်၌ ခွင့်ပြုသည့် လုပ်ငန်းနှင့် မသက်ဆိုင်သည့်အပြင် မူလစာချုပ်တွင် မပါဝင်သော သဘာဝသယံဇာတတွင်းထွက် ပစ္စည်းများကို တွေ့ရှိလျှင် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီသို့ ချက်ချင်း အကြောင်းကြားရမည်။

(ဂ) အပိုဒ်ခွဲ (က) နှင့် (ခ) တို့အရ အကြောင်းကြားသည့်ကိစ္စအပေါ် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက ခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်ခွင့်ရှိပြီး ခွင့်ပြုချက် မရရှိလျှင် အစားထိုးပေးသည့်နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက် )

**မြန်မာနိုင်ငံစာရင်းကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ အရ ပြန်လည်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံစာရင်းကောင်စီကို မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄ (ဃ) အရ အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးသိန်းထိုက် | ပြည်ထောင်စုစာရင်းစစ်ချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဦးမျိုးမြင့် | ဒုတိယစာရင်းစစ်ချုပ် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးသိန်းမြင့် | ရှမ်းပြည်နယ်စာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းသင် | လက်မှတ်ရပြည်သူ့စာရင်းကိုင် | အဖွဲ့ဝင် |
| (င) | ဦးကျော်ဟိုး | လက်မှတ်ရပြည်သူ့စာရင်းကိုင် | အဖွဲ့ဝင် |
| (စ) | ဦးမော်သန်း | ပါမောက္ခချုပ် (အငြိမ်းစား)<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ခင်စန်းဦး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဇ) | ဦးမင်းထွန်း | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးမောင်မောင်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးအောင်နိုင်ဦး | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့်<br>ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာခင်နိုင်ဦး | တာဝန်ခံပါမောက္ခချုပ်<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဌ) | ဦးကျော်တင် | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံလက်မှတ်ရ<br>ပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |
| (ဍ) | ဦးစိန်ဝင်းလှိုင် | ဗဟိုအလုပ်အမှုဆောင်<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်<br>ကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဎ) | ဦးမောင်မောင်လွင် | အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး)<br>မြန်မာ့မီးရထား | အဖွဲ့ဝင် |

(ဏ) ဦးကျော်သန်း — ဌာနမှူး, ဘဏ္ဍာရေးဌာန, ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(တ) ဦးကြည်ဝင်း — ညွှန်ကြားရေးမှူး, ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး — အတွင်းရေးမှူး

၂။ မြန်မာနိုင်ငံစာရင်းကောင်စီ၏သက်တမ်းကို ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှစ၍ (၄) နှစ် သတ်မှတ်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် )

**ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဥပဒေပြုလွှတ်တော်များသည် ဥပဒေကြမ်းတစ်ရပ်ကို နည်းလမ်းတကျ စတင်လက်ခံရသည့်အချိန်မှစ၍ ဆွေးနွေးအတည်ပြုပြီး နိုင်ငံတော်သမ္မတက ဥပဒေအဖြစ် ထုတ်ပြန်ရေး လက်မှတ်ရေးထိုးရန် ပေးပို့သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အခွင့်အာဏာအရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော သို့မဟုတ် အတည်ပြုပြီးသကဲ့သို့ဖြစ်သော ဥပဒေကြမ်းတစ်ရပ်အား ဥပဒေအဖြစ် ထုတ်ပြန်ရန် လက်မှတ်ရေးထိုးခြင်းကို ဆောင်ရွက်ပါသည်။ ဥပဒေပြုလွှတ်တော်များနှင့် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးအတွက် တူညီသောဆန္ဒဖြင့် လိုအပ်သောဥပဒေများ အသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ပြဋ္ဌာန်းခြင်းနှင့် ရုပ်သိမ်းခြင်းတို့ကို ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

၂။ ဥပဒေပြုလွှတ်တော်များသည် ဥပဒေကြမ်းတစ်ရပ်ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ လက်ခံရရှိပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသည်အထိ ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ဒုတိယရှေ့နေချုပ် ဦးဆောင်သော **ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ဦးထွန်းထွန်းဦး, ဒုတိယရှေ့နေချုပ်, ပြည်ထောင်စုရှေ့နေချုပ်ရုံး — ဥက္ကဋ္ဌ

(ခ) ဒေါ်ထူးထူးငွေ, ညွှန်ကြားရေးမှူး, ပြည်ထောင်စုရှေ့နေချုပ်ရုံး — အဖွဲ့ဝင်

(ဂ) ဦးအောင်နိုင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဃ) ဦးမင်းဆွေ အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(င) ဦးသန့်ဇင် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(စ) ဦးဝင်းမြင့် အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

၃။ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ဥပဒေရေးရာအကြံဉာဏ် တောင်းခံပါက ဥပဒေရေးရာအကြံဉာဏ်ပေးခြင်း၊

(ခ) ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းရန်အတွက် ဥပဒေပြုလွှတ်တော်များ၏ ဥပဒေကြမ်းကော်မတီများ သို့မဟုတ် ပူးပေါင်းကော်မတီတို့က ဖိတ်ကြားလာက ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) အတည်ပြုပြီးသော ဥပဒေကြမ်းတစ်ရပ်ကို ဥပဒေအဖြစ် ထုတ်ပြန်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်သမ္မတထံ ပေးပို့လာက လက်မှတ်ရေးထိုးနိုင်ရေး သုံးသပ်အကြံပြုပေးခြင်း၊

(ဃ) အဆိုပါဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်ရန် ရေးဆွဲသောဌာနသို့ လိုအပ်သော ဥပဒေရေးရာအကြံဉာဏ်ပေးခြင်း။

၄။ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေရေးရာအကြံဉာဏ်များကို နိုင်ငံတော်သမ္မတထံ တင်ပြနိုင်သည်။

၅။ ဥပဒေကြမ်းအပေါ် အကြံပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် လိုအပ်ပါက နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့၊ အဆိုပါဥပဒေကို ကျင့်သုံးအကောင်အထည်ဖော်မည့်ဌာနနှင့် သက်ဆိုင်ရာဌာနတို့အား ဘာသာရပ်ဆိုင်ရာအကြံဉာဏ်များ ရယူရန် ဖိတ်ကြားနိုင်သည်။ ထိုသို့ ဖိတ်ကြားရာတွင် လိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်နိုင်သည်။

၆။ ဥပဒေကြမ်းဆိုင်ရာအပြင် အခြားဥပဒေရေးရာအကြံပြုရေး ပူးပေါင်းဆောင်ရွက်ရန် ဥပဒေပြုလွှတ်တော်များနှင့် ယင်းတို့၏ဥပဒေကြမ်းကော်မတီများ သို့မဟုတ် ပူးပေါင်းကော်မတီတို့က ဖိတ်ကြားလာက ပူးပေါင်းဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် )

## ၂၀၁၄ ခုနှစ်၊ (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

"ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ်ထိန်းသိမ်းကာကွယ်ရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး" ဟူသော အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ၂၀၁၄ ခုနှစ်၊ (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော **၂၀၁၄ ခုနှစ်၊ (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ**ကို ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၁)<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁) | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၁) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒုတိယဝန်ကြီး<br>အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၇) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၈) | ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၉) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၀) | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၂၁) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၂) | တွဲဖက်စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | အဖွဲ့ဝင် |
| (၂၃) | တွဲဖက်စစ်ထောက်ချုပ်<br>စစ်ထောက်ချုပ်ရုံး | အဖွဲ့ဝင် |
| (၂၄) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (၂၅) | ညွှန်ကြားရေးမှူးချုပ်<br>လွှတ်တော်ရုံး | အဖွဲ့ဝင် |
| (၂၆) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၂၇) | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၂၈) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | အဖွဲ့ဝင် |

(၂၉) ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရုပ်ရှင်လုပ်ငန်း — အဖွဲ့ဝင်

(၃၀) ညွှန်ကြားရေးမှူးချုပ်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား — အဖွဲ့ဝင်

(၃၁) ဦးဆောင်ညွှန်ကြားရေးမှူး
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း — အဖွဲ့ဝင်

(၃၂) ညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန — အဖွဲ့ဝင်

(၃၃) ညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန — အဖွဲ့ဝင်

(၃၄) ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း — အဖွဲ့ဝင်

(၃၅) ဦးဆောင်ညွှန်ကြားရေးမှူး
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း — အဖွဲ့ဝင်

(၃၆) ဦးဆောင်ညွှန်ကြားရေးမှူး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း — အဖွဲ့ဝင်

(၃၇) ညွှန်ကြားရေးမှူးချုပ်
အားကစားနှင့်ကာယပညာဦးစီးဌာန — အဖွဲ့ဝင်

(၃၈) ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) — အဖွဲ့ဝင်

(၃၉) ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) — အဖွဲ့ဝင်

(၄၀) ညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေးဦးစီးဌာန — အဖွဲ့ဝင်

(၄၁) ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(၄၂) ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း — အဖွဲ့ဝင်

(၄၃) တိုင်းဦးစီးဗိုလ်မှူးကြီး
နေပြည်တော်တိုင်းစစ်ဌာနချုပ် — အဖွဲ့ဝင်

(၄၄) ဒုတိယညွှန်ကြားရေးမှူးချုပ်
အိမ်တော်၊ လွှတ်တော် ထိန်းသိမ်းရေးအဖွဲ့
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(၄၅) အတွင်းရေးမှူး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(၄၆) စစ်ဦးစီးမှူး (ပထမတန်း)
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာနခွဲ — အဖွဲ့ဝင်

(၄၇) တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၄၈) စစ်ဦးစီးမှူး (ပထမတန်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး — အဖွဲ့ဝင်

(၄၉) ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး — အတွင်းရေးမှူး

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၃)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် )

### မြန်မာရာသီဥတုပြောင်းလဲမှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ မြန်မာရာသီဥတုပြောင်းလဲမှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Myanmar Climate Change Alliance - MCCA) ကို နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်အရ အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ဒုတိယဝန်ကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဃ) ညွှန်ကြားရေးမှူးချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ညွှန်ကြားရေးမှူးချုပ် သစ်တောဦးစီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ညွှန်ကြားရေးမှူးချုပ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စွမ်းအင်စီမံရေးဦးစီးဌာန
စွမ်းအင်ဝန်ကြီးဌာန

(ဎ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စက်ကိရိယာနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
စက်မှုဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကျန်းမာရေးစီမံကိန်းဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
သတ္တုတွင်းဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(န) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(ဖ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(ဘ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(မ) အဖွဲ့ဝင် — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ယ) အဖွဲ့ဝင် — အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ရ) အဖွဲ့ဝင် — အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(လ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

၂။ မြန်မာရာသီဥတုပြောင်းလဲမှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်များတွင် ပေါင်းစပ်ပါဝင်လာစေရေး ပေါင်းစပ်ညှိနှိုင်းရန်။

(ခ) ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ ပေါ်ပေါက်လာရေး၊ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များ (National Climate Change Strategy and Action Plans) ရေးဆွဲရေး လမ်းညွှန်ကြီးကြပ်ရန်။

(ဂ) ရာသီဥတုပြောင်းလဲမှုဆိုင်ရာ Mitigation နှင့် Adaptation လုပ်ငန်းများနှင့်ပတ်သက်၍ ဦးစားပေးနယ်ပယ်များ သတ်မှတ်ရန်၊ စွမ်းဆောင်ရည်မြှင့်တင်ရန်။

(ဃ) ရာသီဥတုပြောင်းလဲမှုဆိုင်ရာအချက်အလက်များ စုဆောင်းဖြန့်ဝေရန်၊ ဌာနများအကြား ချိတ်ဆက်ဆောင်ရွက်ရန်၊ ပညာပေးအစီအစဉ်များ ဆောင်ရွက်ရန်။

(င) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

(စ) နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ (Technical Working Group) ဖွဲ့စည်းရန်။

(ဆ) ရာသီဥတုပြောင်းလဲမှုဆိုင်ရာယူနစ် (Climate Change Core Unit) ဖွဲ့စည်းရန်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် )

**(၉၃) နှစ်မြောက် အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၂၀၁၃ ခုနှစ်၊ (၉၃) နှစ်မြောက် အမျိုးသားနေ့ကို **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး**ဟူသော ဦးတည်ချက်များနှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်နိုင်ရေးအတွက် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော (၉၃) နှစ်မြောက် အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီကို ဖွဲ့စည်းလိုက်ပါသည် -

(၁) ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ (၁)

(၃) ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ (၂)

(၄) ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ (၃)

(၅) ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၆) ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၇) ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၈) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ယဉ်ကျေးမှုဝန်ကြီးဌာန

(၉) လူမှုရေးဝန်ကြီး အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၀) ကောင်စီဝင် အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(၁၁) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အမှတ် (၁) အခြေခံပညာဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အမှတ် (၃) အခြေခံပညာဦးစီးဌာန

(၁၃) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၁)
အမှတ် (၂) အခြေခံပညာဦးစီးဌာန

(၁၅) ရုံးအဖွဲ့မှူး တွဲဖက်အတွင်းရေးမှူး (၂)
ပညာရေးဝန်ကြီးဌာန

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် )

**သံအမတ်ကြီးများဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသော သံအမတ်ကြီးများဆိုင်ရာ ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# သံအမတ်ကြီးများဆိုင်ရာဥပဒေ (မူကြမ်း)

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို သံအမတ်ကြီးများဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ပြည်ထောင်စုအစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **သံအမတ်ကြီး**ဆိုသည်မှာ နိုင်ငံတော်သမ္မတက နိုင်ငံတော်ကို ကိုယ်စားပြုမည့် အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံရုံးအကြီးအကဲ သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသူကို ဆိုသည်။

(င) **သံရုံး**ဆိုသည်မှာ မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံသို့ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ နှစ်နိုင်ငံ သို့မဟုတ် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးအတွက် ဖွင့်လှစ်ထားသော သံတမန်ဆိုင်ရာ ကိုယ်စားလှယ်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများကို ဆိုသည်။

(စ) **အိမ်ရှင်နိုင်ငံ**ဆိုသည်မှာ သံရုံး ရုံးစိုက်သည့်နိုင်ငံ သို့မဟုတ် ပူးတွဲတာဝန်ပေးအပ်ခြင်းခံရသည့်နိုင်ငံကို ဆိုသည်။

(ဆ) **ကောင်းစစ်ရေးရာကိစ္စရပ်များ**ဆိုသည်မှာ အိမ်ရှင်နိုင်ငံ၌ မိမိနိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအား ကာကွယ်စောင့်ရှောက်ပေးသည့်ကိစ္စရပ်များကို ဆိုသည်။

(ဇ) **ဦးစီးဌာန**ဆိုသည်မှာ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနတစ်ခုခုကို ဆိုသည်။

## အခန်း (၂)

## ခန့်အပ်ခြင်း

၃။ နိုင်ငံတော်သမ္မတသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသည်ဟု ယူဆသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သူတစ်ဦးဦးကိုဖြစ်စေ သံအမတ်ကြီးအဖြစ် ခန့်အပ်နိုင်သည် -

(က) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

(ခ) နိုင်ငံတော်၏အကျိုးစီးပွားကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်သူ၊

(ဂ) ပညာအရည်အချင်းပြည့်ဝပြီး အပြည်ပြည်ဆိုင်ရာဆက်ဆံရေးဗဟုသုတကြွယ်ဝသူ၊

(ဃ) အကျင့်စာရိတ္တကောင်းမွန်ပြီး သိက္ခာသမာဓိရှိသူ၊

(င) ကျန်းမာရေးကောင်းမွန်သူ၊

(စ) သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသူ။

## အခန်း (၃)
## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ သံအမတ်ကြီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အိမ်ရှင်နိုင်ငံတွင် နိုင်ငံတော်ကို ကိုယ်စားပြုဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် မူဝါဒများ အောင်မြင်စေရေးအတွက် တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံရေး၊ စစ်ရေး၊ လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာအစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံ တင်ပြခြင်းနှင့် ဝန်ကြီးဌာနသို့ တစ်ပြိုင်တည်းတင်ပြခြင်း၊

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို အပြည်ပြည်ဆိုင်ရာဥပဒေ၊ မိမိနိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးခြင်း၊

(င) အိမ်ရှင်နိုင်ငံအစိုးရ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ မိမိနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်သော ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အခြားနိုင်ငံသံရုံးများနှင့် စေ့စပ်ပြောဆိုခြင်း၊

(စ) မြန်မာနိုင်ငံနှင့် အိမ်ရှင်နိုင်ငံအကြားတွင် ချစ်ကြည်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် လူမှုဖွံ့ဖြိုးရေးများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊

(ဆ) ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ သံရုံး၏အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို စီမံခန့်ခွဲဆောင်ရွက်ခြင်း၊

(ဇ) သံရုံးလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်ရန် စီမံဆောင်ရွက်ခြင်း၊

(ဈ) သံရုံးနှင့် သံရုံးဝန်ထမ်းများ၏ လုံခြုံရေး၊ ပစ္စည်းလုံခြုံရေး၊ သတင်းလုံခြုံရေးတို့ကို စီမံချက် ရေးဆွဲဆောင်ရွက်ခြင်း၊

(ည) သံရုံးဝန်ထမ်းတစ်ဦး၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် နိုင်ငံတော်၏ဂုဏ်သိက္ခာ သို့မဟုတ် လုံခြုံရေးကိုဖြစ်စေ၊ အိမ်ရှင်နိုင်ငံ သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် ဆက်ဆံရေးကိုဖြစ်စေ ထိခိုက်စေလျှင်လည်းကောင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းကို ချိုးဖောက်လျှင်လည်းကောင်း ယင်းဝန်ထမ်းအား မိမိနိုင်ငံသို့ ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်၍ ဝန်ကြီးဌာနသို့ ဆောလျင်စွာတင်ပြခြင်း၊

(ဋ) အိမ်ရှင်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ကုန်သွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေးနှင့်လေ့ကျင့်ရေး၊ ခရီးသွားလာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်းသော နည်းဗျူဟာများ၊ မူဝါဒများ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်၍ ဝန်ကြီးဌာနသို့ ပေးပို့ခြင်း၊

(ဌ) အိမ်ရှင်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု အတွေ့အကြုံများကို ဝန်ကြီးဌာနသို့ ပေးပို့ခြင်း၊ မိမိနိုင်ငံ၏သမိုင်း၊ ယဉ်ကျေးမှု၊ အမျိုးသားရေး လက္ခဏာ၊ တိုင်းရင်းသားလူမျိုးများအကြောင်းကို ပျံ့နှံ့အောင်ဖြန့်ဝေခြင်း၊

(ဍ) အိမ်ရှင်နိုင်ငံတွင် ဖမ်းဆီးခံရခြင်း၊ ပြစ်ဒဏ်စီရင်ခံရခြင်း၊ ပြစ်မှုကျူးလွန်ခံရခြင်းနှင့် ဘေးအန္တရာယ်တစ်မျိုးမျိုးကြုံတွေ့ခြင်းတို့ကြောင့် အကူအညီလိုအပ်နေသော မိမိနိုင်ငံသားများရှိပါက ယင်းတို့အား လိုအပ်သည့် ကောင်စစ်ရေးရာကိစ္စရပ်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊

(ပ) မိမိနိုင်ငံသားများနှင့် မိမိနိုင်ငံသို့ ဝင်ထွက်သွားလာမည့် နိုင်ငံခြားသားများအား နိုင်ငံကူးလက်မှတ်များ၊ ခရီးသွားလက်မှတ်များ၊ ဗီဇာများ ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် စာတမ်းအမှတ်အသားများကို ဥပဒေနှင့်အညီ အတည်ပြုပေးခြင်းများကို ဆောင်ရွက်ခြင်း၊

(ဖ) နိုင်ငံတော်၏လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဗ) အိမ်ရှင်နိုင်ငံရောက် မိမိနိုင်ငံသားများအား နိုင်ငံတော်၏မူဝါဒများကို အသိပေးခြင်း၊

(ဘ) အိမ်ရှင်နိုင်ငံရောက် မိမိနိုင်ငံသားများ၏အခြေအနေကို ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြခြင်း။

၅။ သံရုံး၌ သံအမတ်ကြီးမရှိခိုက် ထိုသံရုံးရှိ ရာထူးအမြင့်ဆုံးသံရုံးဝန်ထမ်းသည် ခေတ္တသံရုံးအကြီးအကဲအဖြစ် ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ကြောင်းကို သက်ဆိုင်ရာအိမ်ရှင်နိုင်ငံရှိ သံရုံးများသို့လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့လည်းကောင်း၊ ဝန်ကြီးဌာနသို့လည်းကောင်း အကြောင်းကြားရမည်။

၆။ သံအမတ်ကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ခံစားခွင့်ရှိသည်။

၇။ သံအမတ်ကြီးသည် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် မိမိလက်အောက်ရှိဝန်ထမ်းများကို နိုင်ငံ့ဝန်ထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်နိုင်သည်။

## အခန်း (၄)

## ပြန်လည်ခေါ်ယူခြင်း၊ ပြောင်းရွှေ့ခြင်း၊ အငြိမ်းစားပေးခြင်း

၈။ နိုင်ငံတော်သမ္မတသည် သံအမတ်ကြီးကို ပြန်လည်ခေါ်ယူခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် အငြိမ်းစားပေးခြင်းတို့ကို ပြုနိုင်သည်။

၉။ သံအမတ်ကြီးသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ခြင်းမရှိလျှင် နိုင်ငံတော်သမ္မတက တာဝန်ထမ်းဆောင်နိုင်ကြောင်း လက်ခံယူဆသည့်အချိန်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည် -

(က) မိမိသဘောအလျောက် ရာထူးမှနုတ်ထွက်ခြင်း၊

(ခ) တရားဝင်ဖွင့်လှစ်တည်ထောင်ထားသော ဆေးရုံ၏စစ်ဆေးချက်အရ ကျန်းမာရေး ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊

(ဂ) ပြန်လည်ခေါ်ယူခံရခြင်း၊

(ဃ) ကွယ်လွန်ခြင်း။

## အခန်း (၅)

## လစာ၊ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်ဆိုင်ရာကိစ္စများ

၁၀။ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသူသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသော အဆင့်အတန်းနှင့် လျော်ညီသည့် လစာ၊ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိသည်။

၁၁။ သံအမတ်ကြီး၏ လစာ၊ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။ ဝန်ကြီးဌာနသည် အဆိုပါအသုံးစရိတ်များကို နှစ်စဉ်သက်ဆိုင်ရာသံရုံးအလိုက် လျာထား၍ ထည့်သွင်းရေးဆွဲရမည်။

၁၂။ သံအမတ်ကြီးသည် သံရုံး၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးကြီးကြပ်မှုကိစ္စများအတွက် တာဝန်ခံ၍ ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၃။ သံအမတ်ကြီးသည် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားရယူထားသူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကို ခံစားနေစဉ်အတွင်း နိုင်ငံ့ဝန်ထမ်း အငြိမ်းစားလစာကိုပါ ခံစားခွင့်ရှိသည်။

၁၄။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော သံအမတ်ကြီးသည် -

(က) ကျေနပ်ဖွယ်ရာရှိသည်အထိ တာဝန်ထမ်းဆောင်ခဲ့ပါက ရရှိသည့် လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ခ) တာဝန်ထမ်းဆောင်နေစဉ်အတွင်း ကွယ်လွန်ပါက ရရှိသည့် လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော မိသားစုနိုင်ငံရေးပင်စင်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

## အခန်း (၆)

## အထွေထွေ

၁၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသူကို သင့်လျော်သောအဆင့်အတန်း သတ်မှတ်ပေးရမည်။

၁၆။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့ရက်တွင် သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသောပုဂ္ဂိုလ်သည် ဤဥပဒေအရ ခန့်အပ်ခြင်းခံရသည့် သံအမတ်ကြီးဟု မှတ်ယူရမည်။

၁၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၃**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် )

**ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ "အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်း" ကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော "အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်း" အား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

# အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (မူကြမ်း)
# ( ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    / ၂၀၁၃ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **နိုင်ငံတော်အစိုးရမဟုတ်သော အသင်းအဖွဲ့များမှတ်ပုံတင်ရေးအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီး/ပြည်နယ်အဆင့် မှတ်ပုံတင်ရေးအဖွဲ့**ဆိုသည်မှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းဒေသကြီး/ပြည်နယ်အဆင့် အသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။

(င) **နေပြည်တော်ကောင်စီနယ်မြေမှတ်ပုံတင်ရေးအဖွဲ့**ဆိုသည်မှာ နေပြည်တော်ကောင်စီက ဖွဲ့စည်းတာဝန်ပေးအပ်သော နေပြည်တော်ကောင်စီအဆင့် အသင်းအဖွဲ့များမှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။

(စ) **ခရိုင်အဆင့်မှတ်ပုံတင်ရေးအဖွဲ့**ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်သော ခရိုင်အဆင့် အသင်းအဖွဲ့များမှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။

(ဆ) **မြို့နယ်အဆင့်မှတ်ပုံတင်ရေးအဖွဲ့**ဆိုသည်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်သော မြို့နယ်အဆင့်အသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။

(ဇ) **ပြည်တွင်းအသင်းအဖွဲ့**ဆိုသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအလို့ငှာ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခွင့်အရေးများနှင့်အညီ ရည်ရွယ်ချက်တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုခုအတွက် သော်လည်းကောင်း၊ အဖွဲ့ဝင်များ၏ ဘုံအကျိုးစီးပွားအတွက်သော်လည်းကောင်း နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော လူအများ စုပေါင်းဖွဲ့စည်းထားသည့် အကျိုးအမြတ်မယူသော ပြည်တွင်း လူမှုရေးအသင်းအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် အသင်းအဖွဲ့များ၏အဖွဲ့ခွဲများလည်း ပါဝင်သည်။

(ဈ) **နိုင်ငံတကာအစိုးရမဟုတ်သောအသင်းအဖွဲ့**ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် မှတ်ပုံတင်ထားသော အဖွဲ့အစည်းဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် နိုင်ငံတော်အတွင်း လူမှုရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ရည်ရွယ်သည့် အဖွဲ့အစည်းကို ဆိုသည်။

(ည) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့အဖြစ် အသိအမှတ်ပြုလက်မှတ် သို့မဟုတ် ပြည်တွင်းအသင်းအဖွဲ့အဖြစ် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဦးစီးဌာန**ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဆိုသည်။

(ဍ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဎ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ထားသော ညွှန်ကြားရေးမှူးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းတို့ကို ဤဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်စေရန်၊

(ခ) အသင်းအဖွဲ့များကို စနစ်တကျနှင့် လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားဆောင်ရွက်နိုင်စေရန်၊

(ဂ) အသင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများအကျိုးကို အထောက်အကူပြုနိုင်စေရန်၊

(ဃ) အသင်းအဖွဲ့များသည် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများထံမှ ဥပဒေနှင့်အညီ လိုအပ်သည့် အကူအညီများ ရယူနိုင်ရန်၊

(င) အရပ်ဘက်လူ့အဖွဲ့အစည်းများ ခိုင်မာအားကောင်းစေရန်။

## အခန်း (၃)
## မှတ်ပုံတင်ရေးအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အသင်းအဖွဲ့များမှတ်ပုံတင်ရေးအတွက် မှတ်ပုံတင်ရေးအဖွဲ့အဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များမှတ်ပုံတင်ရေးအဖွဲ့

(ခ) တိုင်းဒေသကြီး/ပြည်နယ်အဆင့် အသင်းအဖွဲ့များမှတ်ပုံတင်ရေးအဖွဲ့

(ဂ) နေပြည်တော်ကောင်စီအဆင့် အသင်းအဖွဲ့များမှတ်ပုံတင်ရေးအဖွဲ့

(ဃ) ခရိုင်အဆင့် အသင်းအဖွဲ့များမှတ်ပုံတင်ရေးအဖွဲ့

(င) မြို့နယ်အဆင့် အသင်းအဖွဲ့များမှတ်ပုံတင်ရေးအဖွဲ့

၅။ ပုဒ်မ (၄) တွင် ဖော်ပြပါရှိသော မှတ်ပုံတင်ရေးအဖွဲ့အဆင့်ဆင့်အား အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) **နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များမှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း။** ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတကာအစိုးရမဟုတ်သောအသင်းအဖွဲ့များ မှတ်ပုံတင်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) **တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း။** တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် မှတ်ပုံတင်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | လူမှုရေးရာဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီး/ပြည်နယ်အသင်းအဖွဲ့များမှ<br>ရွေးချယ်သော ကိုယ်စားလှယ်နှစ်ဦး | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

(ဂ) **နေပြည်တော်ကောင်စီနယ်မြေ မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း။** နေပြည်တော်ကောင်စီသည် နေပြည်တော်ကောင်စီအဆင့် မှတ်ပုံတင်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | နေပြည်တော်ကောင်စီဝင်တစ်ဦး | ဥက္ကဋ္ဌ |
| (၂) | နေပြည်တော်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၃) | နေပြည်တော်ကောင်စီအသင်းအဖွဲ့များမှ<br>ရွေးချယ်သော ကိုယ်စားလှယ်နှစ်ဦး | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး<br>နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

(ဃ) **ခရိုင်အဆင့်မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း။** ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ သို့မဟုတ် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ခရိုင်အဆင့်မှတ်ပုံတင်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |

(၂) ခရိုင်ရဲတပ်ဖွဲ့မှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(၃) ခရိုင်အဆင့်အသင်းအဖွဲ့များမှ
ရွေးချယ်သော ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်

(၄) လက်ထောက်ညွှန်ကြားရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(င) **မြို့နယ်အဆင့်မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း။** မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်အဆင့်မှတ်ပုံတင်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းရမည် -

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(၂) မြို့နယ်ရဲတပ်ဖွဲ့မှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(၃) မြို့နယ်အဆင့်အသင်းအဖွဲ့များမှ
ရွေးချယ်သော ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်

(၄) ဦးစီးအရာရှိ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

၆။ မှတ်ပုံတင်ရေးအဖွဲ့အဆင့်ဆင့်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသင်းအဖွဲ့များမှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းများနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊

(ခ) အသင်းအဖွဲ့များအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် လဲလှယ်ပေးခြင်း၊

(ဂ) အသင်းအဖွဲ့များအား ဥပဒေနှင့်အညီ ဆောင်ရွက်စေခြင်းနှင့် ကူညီပေးခြင်း၊

(ဃ) အသင်းအဖွဲ့များ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) နိုင်ငံတကာအစိုးရမဟုတ်သောအသင်းအဖွဲ့များ မှတ်ပုံတင်ရေးအဖွဲ့သည် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များအား မှတ်ပုံတင်ခွင့်ပြုခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးခြင်း။

## အခန်း (၄)
## ပြည်တွင်းအသင်းအဖွဲ့များ မှတ်ပုံတင်ခွင့်ပြုခြင်း

၇။ အသင်းအဖွဲ့များ မှတ်ပုံတင်လိုပါက အသင်းအဖွဲ့၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အသင်းအဖွဲ့၏ဆန္ဒအလျောက် အောက်ပါသတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် -

(က) အသင်းအဖွဲ့အမည်

(ခ) တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ

(ဂ) စတင်တည်ထောင်သည့်နေ့

(ဃ) ရည်ရွယ်ချက်

(င) လုပ်ငန်းစဉ်

(စ) အမှုဆောင်ဦးရေ

(ဆ) အသင်းဝင်ဦးရေ

(ဇ) အသင်းပိုင်ငွေကြေးနှင့်ပစ္စည်းစာရင်း

(ဈ) ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ

(ည) ဖွဲ့စည်းပုံနှင့်စည်းမျဉ်း

(ဋ) သီးခြားတင်ပြချက်

(ဌ) လျှောက်ထားသည့်ရက်စွဲ

၈။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မ ၇ အရ မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားလာသော အသင်းအဖွဲ့အား ခုနစ်ရက်အတွင်း ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။ ဆက်လက်၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး -

(က) အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ဆုံးဖြတ်ပါက လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ မှတ်ပုံတင်လက်မှတ်ကို အောက်ဖော်ပြပါ သတ်မှတ်ကာလအတွင်း လျှောက်ထားသူအား ထုတ်ပေးရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့ | (၆၀) ရက် |
| (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်မှတ်ပုံတင်ရေးအဖွဲ့ | (၆၀) ရက် |
| (၃) | နေပြည်တော်နယ်မြေအဆင့်မှတ်ပုံတင်ရေးအဖွဲ့ | (၆၀) ရက် |
| (၄) | ခရိုင်/မြို့နယ်အဆင့်မှတ်ပုံတင်ရေးအဖွဲ့ | (၃၀) ရက် |

(ခ) မှတ်ပုံတင်ခွင့်ရရှိသည့် အသင်းအဖွဲ့သည် သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးသွင်းရမည်။

(ဂ) အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြ၍ မှတ်ပုံတင်ခွင့်မပြုကြောင်း ပြန်ကြားစာကို အောက်ဖော်ပြပါ သတ်မှတ်ကာလအတွင်း လျှောက်ထားသူအား ပြန်ကြားရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့ | (၃၀) ရက် |
| (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်မှတ်ပုံတင်ရေးအဖွဲ့ | (၃၀) ရက် |
| (၃) | နေပြည်တော်နယ်မြေအဆင့်မှတ်ပုံတင်ရေးအဖွဲ့ | (၃၀) ရက် |
| (၄) | ခရိုင်/မြို့နယ်အဆင့်မှတ်ပုံတင်ရေးအဖွဲ့ | (၁၅) ရက် |

(ဃ) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခွင့်မပြုကြောင်း အကြောင်းပြန်ကြားစာ လက်ခံရရှိပါက ခွင့်မပြုသောအကြောင်းရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့နှင့် ဆွေးနွေး၍ အယူခံဝင်ခွင့်ရှိသည်။

၉။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး (၃၀၀၀၀) ကျပ် သတ်မှတ်သည်။ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ သွားရောက်လှုပ်ရှားလိုပါက သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အသိပေးတင်ပြရမည်။

၁၀။ နေပြည်တော်ကောင်စီနယ်မြေအဆင့်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး (၃၀၀၀၀) ကျပ် သတ်မှတ်သည်။ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ သွားရောက်လှုပ်ရှားလိုပါက သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အသိပေးတင်ပြရမည်။

၁၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ခရိုင်အဆင့်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အတွင်း လှုပ်ရှား

ဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး (၁၀၀၀၀) ကျပ် သတ်မှတ်သည်။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ အခြားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ခရိုင်သို့ သွားရောက်လုပ်ရှားလိုပါက သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အသိပေးတင်ပြရမည်။

၁၂။ မြို့နယ်အဆင့်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသောအသင်းအဖွဲ့သည် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ခရိုင်အတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေးပေးသွင်းရန်မလို။ သက်ဆိုင်ရာခရိုင်အတွင်းရှိ အခြားမြို့နယ်များသို့ သွားရောက်လှုပ်ရှားလိုပါက သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အသိပေးတင်ပြရမည်။

## အခန်း (၅)
## နိုင်ငံတကာအစိုးရမဟုတ်သောအသင်းအဖွဲ့များ မှတ်ပုံတင်ခွင့်ပြုခြင်း

၁၃။ နိုင်ငံတကာအစိုးရမဟုတ်သောအသင်းအဖွဲ့တစ်ခုခုသည် မှတ်ပုံတင်လက်မှတ်ရရှိရန်အတွက် အောက်ပါသတ်မှတ်ချက်များနှင့်အညီ ယင်းအသင်းအဖွဲ့၏တာဝန်ခံက နိုင်ငံတကာအစိုးရမဟုတ်သောအသင်းအဖွဲ့များ မှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားရမည် -

(က) အသင်းအဖွဲ့အမည်

(ခ) အကြီးအကဲအမည်

(ဂ) တာဝန်ခံအမည်

(ဃ) တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ

(င) အသင်းအခြေစိုက်နိုင်ငံ

(စ) မြန်မာနိုင်ငံတွင်ဆောင်ရွက်မည့်လုပ်ငန်း

(ဆ) ဆက်သွယ်ဆောင်ရွက်မည့်ဝန်ကြီးဌာနများ

(ဇ) လုပ်ငန်းစီမံချက်

(ဈ) အမှုဆောင်အဖွဲ့ဝင်ဦးရေ

(ည) ရုံးခွဲတည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ

(ဋ) ရုံးခွဲတာဝန်ခံအမည်

(ဌ) လျှောက်ထားသည့်ရက်စွဲ

၁၄။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မ ၁၃ အရ မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားလာသော အသင်းအဖွဲ့အား ခုနစ်ရက်အတွင်း ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။ ဆက်လက်၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး -

(က) အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ဆုံးဖြတ်ပါက လျှောက်လွှာကို လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း (၉၀) အတွင်း လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

(ခ) မှတ်ပုံတင်ခွင့်ရရှိသည့် အသင်းအဖွဲ့သည် သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးသွင်းရမည်။ မှတ်ပုံတင်ကြေး (၁၀၀၀၀၀) ကျပ် သတ်မှတ်သည်။

(ဂ) အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ မှတ်ပုံတင်ခွင့်မပြုကြောင်း ရက်ပေါင်း (၃၀) အတွင်း ပြန်ကြားစာကို လျှောက်ထားသူအား ပြန်ကြားရမည်။

(ဃ) သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခွင့်မပြုကြောင်း အကြောင်းပြန်ကြားစာလက်ခံရရှိပါက ခွင့်မပြုသောအကြောင်းရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့နှင့် ဆွေးနွေး၍ အယူခံဝင်ခွင့်ရှိသည်။

## အခန်း (၆)
## မှတ်ပုံတင်ခွင့်လျှောက်ထားရန်မလိုသောအသင်းအဖွဲ့များ

၁၅။ ဤဥပဒေအရ မှတ်ပုံတင်ခွင့်လျှောက်ထားရန်မလိုသော အသင်းအဖွဲ့များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဘာသာရေး၊ သာသနာရေးနှင့် စီးပွားရေးသက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သော အသင်းအဖွဲ့များ၊

(ခ) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားရမည့် နိုင်ငံရေးအသင်းအဖွဲ့များ၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသော အသင်းအဖွဲ့များ။

## အခန်း (၇)
## အသင်းအဖွဲ့များ၏မှတ်ပုံတင်လက်မှတ်လဲလှယ်ခြင်း

၁၆။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များသည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တစ်နှစ်တစ်ကြိမ် နှစ်ပတ်လည်အစီရင်ခံစာ တင်ပြရမည်။ နှစ်စဉ်နှစ်ပတ်လည်အစီရင်ခံစာ ပုံမှန်တင်ပြခြင်းဖြင့် ၎င်းအသင်းအဖွဲ့သည် ဆက်လက်တည်ရှိနေသည်ဟု မှတ်ယူ၍ ငါးနှစ်လျှင် တစ်ကြိမ် မှတ်ပုံတင်လက်မှတ်အသစ်လဲလှယ်ရမည်။ ထိုသို့လဲလှယ်ခြင်းအတွက် မှတ်ပုံတင်ကြေးပေးဆောင်ရန်မလို။

၁၇။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များသည် သက်ဆိုင်ရာမှတ်ပုံတင်အဖွဲ့သို့ တစ်နှစ်တစ်ကြိမ် နှစ်ပတ်လည်အစီရင်ခံစာတင်ပြရန်နှင့် (၅) နှစ်ဆက်တိုက် ပျက်ကွက်ပါက ယင်းအသင်းအဖွဲ့သည် လှုပ်ရှားရပ်တည်ဆောင်ရွက်မှုမရှိဟု မှတ်ယူမည်ဖြစ်ပြီး ဆက်လက်လှုပ်ရှားဆောင်ရွက်လိုပါက မှတ်ပုံတင်အသစ် လျှောက်ထားသကဲ့သို့ ပြန်လည်လျှောက်ထားရမည်။

၁၈။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်လဲလှယ်ပေးရန် ငြင်းပယ်ခြင်းခံရသည့် ပြည်တွင်းအသင်းအဖွဲ့များသည် အကြောင်းပြန်ကြားစာ လက်ခံရရှိပါက ရက်ပေါင်း (၉၀) အထိ ဆက်လက်ရပ်တည်နိုင်ခွင့်ရှိသည့်အပြင် ခွင့်မပြုသောအကြောင်းရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့နှင့် ဆွေးနွေး၍ အယူခံဝင်ခွင့်ရှိသည်။

၁၉။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်လဲလှယ်ပေးရန် ငြင်းပယ်ခြင်းခံရသည့် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များသည် အကြောင်းပြန်ကြားစာ လက်ခံရရှိပါက ရက်ပေါင်း (၁၈၀) အထိ ဆက်လက်ရပ်တည်နိုင်ခွင့်ရှိသည့်အပြင် ခွင့်မပြုသောအကြောင်းရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့နှင့် ဆွေးနွေး၍ အယူခံဝင်ခွင့်ရှိသည်။

## အခန်း (၈)
## အသင်းအဖွဲ့များအား အကာအကွယ်ပေးခြင်းနှင့် အကျိုးခံစားခွင့်

၂၀။ မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့တစ်ရပ်ရပ်၏ ဥပဒေများနှင့်အညီ လှုပ်ရှားဆောင်ရွက်မှုများအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများက ဥပဒေနှင့်အညီ ပူးပေါင်းပံ့ပိုးကူညီ၍ အကာအကွယ်ပေးရမည်။

၂၁။ မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်းအဖွဲ့တစ်ရပ်ရပ်သည် နိုင်ငံတော်မှ ပေးအပ်သည့် ထောက်ပံ့မှုများကို လက်ခံရယူခွင့်ရှိသည်။

၂၂။ မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်းအဖွဲ့များသည် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့တစ်ရပ်ရပ်ထံမှဖြစ်စေ၊ ပြည်တွင်းအသင်းအဖွဲ့တစ်ရပ်ရပ်ထံမှဖြစ်စေ၊ ကူညီထောက်ပံ့မှုပြုလိုသော မည်သည့်တစ်သီးပုဂ္ဂလပုဂ္ဂိုလ်ထံမှဖြစ်စေ အထောက်အပံ့ကို ဥပဒေနှင့်အညီ လက်ခံရယူခွင့်ရှိသည်။

၂၃။ မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့တစ်ရပ်ရပ်သည် တရားစွဲဆိုခွင့်၊ တရားစွဲဆိုခံပိုင်ခွင့်၊ ရန်ပုံငွေဖွင့်လှစ်တည်ထောင်ပိုင်ခွင့်၊ ဥပဒေနှင့်အညီ အလှူငွေကောက်ခံနိုင်ခွင့်၊ ဘဏ်စာရင်းဖွင့်လှစ်နိုင်ခွင့်နှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်း ပိုင်ဆိုင်ခွင့်ရှိသည်။

၂၄။ မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့တစ်ရပ်ရပ်သည် မိမိအသင်းအဖွဲ့၏ ကိုယ်ပိုင်တံဆိပ်၊ ကိုယ်ပိုင်အမှတ်အသား၊ ကိုယ်ပိုင်ဝတ်စုံတို့ကို မူပိုင်ခွင့်ရှိသည်။

## အခန်း (၉)
## အထွေထွေ

၂၅။ မည်သည့်နိုင်ငံရေးပါတီဝင်မဆို ဤဥပဒေအရ ဖွဲ့စည်းသော အသင်းအဖွဲ့များတွင် ဝင်ရောက်လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။

၂၆။ မည်သည့်နိုင်ငံ့ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းမဆို ဤဥပဒေအရ ဖွဲ့စည်းသော အသင်းအဖွဲ့များတွင် ဝင်ရောက်လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။

၂၇။ ပြည်တွင်းအသင်းအဖွဲ့များနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များသည် မိတ်ဖက်ပြုလုပ်၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အပြန်အလှန်တာဝန်ယူမှု၊ ရပိုင်ခွင့်နှင့် အခန်းကဏ္ဍများ၌ ညီညွတ်မျှတသော အခြေအနေဖြစ်ရန် ဆောင်ရွက်ရမည်။

၂၈။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များအနေဖြင့် ခွင့်ပြုစဉ်က ဖော်ပြခဲ့သည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကို ပြောင်းလဲ၍ လုပ်ကိုင်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ ကျော်လွန်ဆောင်ရွက်လိုလျှင်ဖြစ်စေ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြရမည်။

၂၉။ ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့သည် မြို့နယ်အဆင့်မှ ခရိုင်အဆင့်သို့ဖြစ်စေ၊ ခရိုင်အဆင့်မှ တိုင်းဒေသကြီး/ပြည်နယ်အဆင့်သို့ဖြစ်စေ တိုးချဲ့ဖွဲ့စည်းလိုပါက ဤဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြလျှောက်ထားဆောင်ရွက်ရမည်။

၃၀။ ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့သည် နိုင်ငံအတွင်း မည်သည့်ဘေးအန္တရာယ်မျိုးကိုမဆို ကြုံတွေ့ရသည့်ဒေသသို့ နယ်မြေကျော်လွန်ဆောင်ရွက်နိုင်ခွင့်ရှိပြီး ဆောင်ရွက်မည့် သက်ဆိုင်ရာဒေသ၏ အုပ်ချုပ်ရေးအဖွဲ့သို့ အကြောင်းကြား၍ လှုပ်ရှားဆောင်ရွက်ရမည်။

၃၁။ မှတ်ပုံတင်ခြင်းမပြုရသေးသော နိုင်ငံတကာအသင်းအဖွဲ့တစ်ခုသည် နိုင်ငံအတွင်း မည်သည့်ဘေးအန္တရာယ်မျိုးကိုမဆို ကြုံတွေ့နေသည့်ဒေသတွင် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လိုပါက နိုင်ငံတကာအစိုးရမဟုတ်သောအသင်းအဖွဲ့များ မှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားရမည်။ နိုင်ငံတကာအစိုးရမဟုတ်သောအသင်းအဖွဲ့များ မှတ်ပုံတင်ရေးအဖွဲ့က ယာယီမှတ်ပုံတင်ခွင့်လက်မှတ်အား ဆောလျင်စွာထုတ်ပေးရမည်။

၃၂။ အသင်းအဖွဲ့တစ်ခုသည် ဖျက်သိမ်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ အသင်းလိပ်စာပြောင်းလဲခြင်း ပြုလိုပါက ဖွဲ့စည်းမှတ်ပုံတင်ထားသော သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ (၇) ရက်အတွင်း အကြောင်းကြားရမည်။

၃၃။ အဆင့်ဆင့်သောမှတ်ပုံတင်အဖွဲ့များမှ အသင်းအဖွဲ့ကိုယ်စားပြု ကိုယ်စားလှယ်များအနေဖြင့် သတ်မှတ်ကာလ အများဆုံး လပေါင်း (၃၀) လျှင် တစ်ကြိမ် အသင်းအဖွဲ့များ၏အစီအစဉ်ဖြင့် ရွေးချယ်တင်မြှောက်တာဝန်ပေးအပ်ရမည်။

၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၅။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် ၆/၈၈) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းမပြုမီကာလအတွင်း ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

၃၆။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် ၆/၈၈) အား ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၃၇။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် ၆/၈၈) အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားရှိသော အသင်းအဖွဲ့များသည် ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့များအဖြစ် မှတ်ယူရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

## ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာခင်ရွှေ | မဲဆန္ဒနယ်အမှတ် (၉)၊ ရန်ကုန်တိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးဖေသောင်း | မဲဆန္ဒနယ်အမှတ် (၆)၊ ကချင်ပြည်နယ် | |
| (ဂ) | ဦးဆားရယ် | မဲဆန္ဒနယ်အမှတ် (၆)၊ ကယားပြည်နယ် | |

| | | |
|---|---|---|
| (ဃ) ဦးစောသန်းထွန်း | မဲဆန္ဒနယ်အမှတ် (၄)၊ ကရင်ပြည်နယ် | |
| (င) ဦးခမ်ဆွင်းမုန် | မဲဆန္ဒနယ်အမှတ် (၅)၊ ချင်းပြည်နယ် | |
| (စ) ဦးကျားမောင် (ခ) ဦးမောင်ကျား | မဲဆန္ဒနယ်အမှတ် (၈)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (ဆ) ဦးကြည်ထွန်း | မဲဆန္ဒနယ်အမှတ် (၁)၊ မကွေးတိုင်းဒေသကြီး | |
| (ဇ) ဒေါက်တာလှသိန်း | မဲဆန္ဒနယ်အမှတ် (၆)၊ မွန်ပြည်နယ် | |
| (ဈ) ဦးမောင်သာခင် | မဲဆန္ဒနယ်အမှတ် (၈)၊ ရခိုင်ပြည်နယ် | |
| (ည) ဦးဝင်းနောင် | မဲဆန္ဒနယ်အမှတ် (၅)၊ ရန်ကုန်တိုင်းဒေသကြီး | |
| (ဋ) ဦးဆွေအောင် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ရန်ကုန်တိုင်းဒေသကြီး | |
| (ဌ) ဦးညဏ်လင်း | မဲဆန္ဒနယ်အမှတ် (၁)၊ ရှမ်းပြည်နယ် | |
| (ဍ) ဦးစိုးဝင်း | မဲဆန္ဒနယ်အမှတ် (၂)၊ ဧရာဝတီတိုင်းဒေသကြီး | |
| (ဎ) ဒေါက်တာငွေးဝင်း | မဲဆန္ဒနယ်အမှတ် (၅)၊ ဧရာဝတီတိုင်းဒေသကြီး | |
| (ဏ) ဗိုလ်မှူးမြင့်စိန် | တပ်မတော်သားကိုယ်စားလှယ် | အတွင်းရေးမှူး |

**လုပ်ငန်းတာဝန်များ**

၂။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ ရောဂါဘယဘေး စသော သဘာဝဘေးအန္တရာယ်နှင့် အကြမ်းဖက်မှု၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှု၊ မတော်တဆဖြစ်ပွားမှု စသော လူ့ပယောဂကြောင့် ဖြစ်ပွားသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကြောင့် အရေးပေါ်အကူအညီလိုအပ်နေသည့် မိမိနိုင်ငံသားဒုက္ခသည်များအား လွှတ်တော်ကိုယ်စားပြု၍ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကို သွားရောက်ဆောင်ရွက်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ကို ဆိုးရွားစွာခံလိုက်ရသဖြင့် စိတ်ထိခိုက်ခံစားနေရသည့် ဒုက္ခသည်များအား သွားရောက်တွေ့ဆုံအားပေးပြီး နှစ်သိမ့်မှုများ တတ်နိုင်သမျှဆောင်ရွက်ပေးခြင်း။

(ဂ) ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲပါ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၁) ဖြင့် ပြဋ္ဌာန်းထားပြီးဖြစ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ နိုင်ငံတော်က ဖွဲ့စည်းထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့်ဖြစ်စေ၊ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးများမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များနှင့်ဖြစ်စေ လိုအပ်သလို ညှိနှိုင်းပြီး ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း။

(ဃ) ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကဖြစ်စေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများကဖြစ်စေ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ဆောင်ရွက်ခြင်းများ အပါအဝင် အရေးပေါ်ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ်စားနပ်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီပေးပို့ထောက်ပံ့ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဆောင်ရွက်ပုံများ နှိုင်းယှဉ်သုံးသပ်နိုင်ရန်အတွက် အားသာချက်နှင့် အားနည်းချက်များ အပါအဝင် လေ့လာသုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာပြုစုတင်ပြခြင်း။

(င) ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် အရပ်ဒေသများသို့ ရောက်ရှိ၍ လုပ်ငန်းများကို လေ့လာဆောင်ရွက်စဉ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီတစ်ရပ်ရပ်တွင်လည်းကောင်း၊ တာဝန်ရှိသည့် ဌာနဆိုင်ရာအဖွဲ့အစည်းတွင်လည်းကောင်း ပါဝင်သော်လည်း တာဝန်ယူဆောင်ရွက်ရာတွင် ပေါ့လျော့စွာဆောင်ရွက်ခဲ့ခြင်း၊

တာဝန်ပျက်ကွက်ခြင်း၊ မလျော်သောလုပ်ဆောင်မှုနှင့် မသမာမှုများရှိခြင်းတို့ကို တွေ့ရှိခဲ့ရပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သီးခြားအစီရင်ခံစာဖြင့် တင်ပြခြင်း။

(စ) ဒေသခံပြည်သူတို့၏အသံ၊ ပြည်သူတို့၏ဆန္ဒသဘောထားများကို နားထောင်လေ့လာပြီး တာဝန်ရှိသူများ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်ခဲ့မှုများအပေါ် ပြန်လည်သုံးသပ်အကြံပြုရန်များ တွေ့ရှိရပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သုံးသပ်အကြံပြုတင်ပြခြင်း။

(ဆ) ရေလွှမ်းမိုးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မီးလောင်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များကြောင့် ဒုက္ခခံစားနေရခြင်း၊ စစ်ဘေးဒဏ်ကြောင့် စစ်ရှောင်ဒုက္ခသည်ဖြစ်နေခြင်း၊ ဒေသန္တရပဋိပက္ခများကြောင့် ဒုက္ခခံစားနေရခြင်း၊ ဆင်းရဲမွဲတေမှုကြောင့် ဒုက္ခခံစားနေရခြင်း၊ မည်သည့်အကြောင်းကိစ္စကြောင့်မဆို ဒုက္ခခံစားနေကြရသော မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံသားများအား ကူညီစောင့်ရှောက်ခြင်းနှင့် ကယ်ဆယ်ခြင်းလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်သွားရမည်။

(ဇ) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီတို့ ပူးပေါင်း၍ ဒုက္ခသည်များအား ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အခက်အခဲအဆင်မပြေမှုများကို အဖြေရှာပြီး အကြံဉာဏ်ကောင်းများ ဖော်ထုတ်၍ ဆောင်ရွက်သွားရမည်။

(ဈ) နိုင်ငံတကာနှင့် ASEAN ဒေသတွင်းနိုင်ငံများမှ ကူညီထောက်ပံ့ရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး ကယ်ဆယ်ရေးနှင့်ကူညီထောက်ပံ့ရေးလုပ်ငန်းများကို အထောက်အကူဖြစ်မည့် ကိစ္စများအား ဆွေးနွေးအချိန်ပေးပြီး အကူအညီတောင်းခံသွားရန်။

(ည) ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးအတွက် ရည်ရွယ်၍ ရန်ပုံငွေနှင့်ပစ္စည်းများအား အလှူခံပြီး ဒုက္ခခံစားနေရသော ပြည်သူများထံသို့ အချိန်မီလက်ဝယ်ရောက်ရှိရေး ဆောင်ရွက်သွားရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၃။ ကော်မတီသည် မိမိ၏တာဝန်များကို ဆောင်ရွက်ရာတွင် အစိုးရနှင့် အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်သည်။

၄။ ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သော ပုဂ္ဂိုလ်များနှင့်ဖြစ်စေ၊ ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ ဒုက္ခသည်များ ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ လိုအပ်သောဒေသများသို့ သွားရောက်လေ့လာဆောင်ရွက်နိုင်သည်။ ထိုသို့ သွားရောက်လေ့လာဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ရုံးသို့ ခရီးစဉ်နှင့်အုပ်ချုပ်မှုဆိုင်ရာလိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး လွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်။

၅။ အစိုးရနှင့် အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများနှင့်ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာတွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့်လိုအပ်ချက်များ မေးမြန်းခြင်း၊ ဥပဒေနှင့်ညီညွတ်သော အကြံဉာဏ်များပေးခြင်း၊ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်နိုင်သည်။

၆။ အစိုးရနှင့် အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့်ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ သွားရောက်လေ့လာလိုလျှင်ဖြစ်စေ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ၍ ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ လွှတ်တော်၏အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်သည်။

၇။ အစိုးရနှင့် အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများက ကော်မတီ (သို့မဟုတ်) ကော်မတီဝင်ထံသို့ ဆက်သွယ်လာလျှင် လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ၍ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်း ပြုလုပ်နိုင်သည်။

**ကော်မတီ၏ရပိုင်ခွင့်**

၈။ ကော်မတီဝင်များသည် ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ တာဝန်အရ ခရီးသွားလာခြင်းအတွက် ခရီးစရိတ်နှင့် ကော်မတီ ရုံးစိုက်ရာဒေသတွင် ရောက်ရှိနေထိုင်စဉ် တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်နှင့် အခြားစရိတ်များအား တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူခံစားခွင့်ရှိသည်။

၉။ ကော်မတီဝင်များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များဖြစ်သည်နှင့်အညီ တာဝန်ဖြင့် ခရီးသွားလာခြင်းနှင့် တည်းခိုနေထိုင်ခြင်းအတွက် အုပ်ချုပ်မှုနှင့် နေရာထိုင်ခင်းများအား လွှတ်တော်ရုံးက သင့်လျော်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

**ကော်မတီသက်တမ်းသတ်မှတ်ခြင်း**

၁၀။ ကော်မတီ၏သက်တမ်းသည် ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်ပါသည်။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည် သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**အထွေထွေ**

၁၂။ ကော်မတီအနေဖြင့် **ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်**ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူတို့၏အခက်အခဲများ၊ လိုအပ်ချက်များအား မိမိကော်မတီ၏အင်အားဖြင့် တတ်နိုင်သောကိစ္စရပ်များကို ကူညီဖြေရှင်းဆောင်ရွက် ပေးခြင်း၊ လိုအပ်ပါက လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ NGO၊ INGO များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှု ကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) ဦးခက်ထိန်နန် | မဲဆန္ဒနယ်အမှတ် (၁)၊ ကချင်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) ဦးစံပြည့် | မဲဆန္ဒနယ်အမှတ် (၇)၊ ကချင်ပြည်နယ် | |
| (ဂ) ဦးစောငြိမ်းသင် | မဲဆန္ဒနယ်အမှတ် (၃)၊ ကရင်ပြည်နယ် | |

(ဃ) ဦးစောအေးမြိုင် မဲဆန္ဒနယ်အမှတ် (၈)၊ ကရင်ပြည်နယ်
(င) ဦးဟာရှိန်းဘွေ မဲဆန္ဒနယ်အမှတ် (၈)၊ ချင်းပြည်နယ်
(စ) ဦးကံညွန့် မဲဆန္ဒနယ်အမှတ် (၅)၊ စစ်ကိုင်းတိုင်းဒေသကြီး
(ဆ) ဦးသိန်းဝင်း မဲဆန္ဒနယ်အမှတ် (၉)၊ စစ်ကိုင်းတိုင်းဒေသကြီး
(ဇ) ဦးအောင်ဝင်း မဲဆန္ဒနယ်အမှတ် (၄)၊ တနင်္သာရီတိုင်းဒေသကြီး
(ဈ) ဦးထွန်းဇော် (ခ) ကိုပေါက် မဲဆန္ဒနယ်အမှတ် (၁၂)၊ ပဲခူးတိုင်းဒေသကြီး
(ည) ဦးသော်ဇင်ဦး မဲဆန္ဒနယ်အမှတ် (၉)၊ မကွေးတိုင်းဒေသကြီး
(ဋ) ဦးဇော်နိုင်ဦး မဲဆန္ဒနယ်အမှတ် (၁၂)၊ မွန်ပြည်နယ်
(ဌ) ဦးငွေးဝင်း (ခ) ဇာယာဒ်ရော်မံ မဲဆန္ဒနယ်အမှတ် (၇)၊ ရခိုင်ပြည်နယ်
(ဍ) ဦးစိုးဟန်လင်း မဲဆန္ဒနယ်အမှတ် (၁)၊ ဧရာဝတီတိုင်းဒေသကြီး
(ဎ) ဗိုလ်မှူးဇော်မြင့် တပ်မတော်သားကိုယ်စားလှယ်
(ဏ) ဦးအောင်မြင့်သိန်း မဲဆန္ဒနယ်အမှတ် (၉)၊ ကရင်ပြည်နယ် အတွင်းရေးမှူး

**လုပ်ငန်းတာဝန်များ**

၂။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကမ္ဘာ့စီးပွားရေးနှင့်မြန်မာ့စီးပွားရေးအခြေအနေ လေ့လာသုံးသပ်ခြင်း၊

(ခ) ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများကို လေ့လာခြင်း၊ အောင်မြင်မှု ရှိ/မရှိ အခြေအနေများကို သုံးသပ်ခြင်း၊

(ဂ) အထူးစီးပွားရေးဇုန်၊ ကင်းလွတ်ဇုန်၊ လုပ်ငန်းမြှင့်တင်ရေးဇုန်၊ စက်မှုဇုန်နှင့် အခြားဇုန်များ၏ အခြေအနေကို လေ့လာခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လေ့လာခြင်း၊

(င) ငွေကြေး၊ ဘဏ်နှင့် အခွန်အကောက်ဆိုင်ရာမူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လေ့လာခြင်း၊

(စ) စီးပွားရေးဖြစ်ထွန်းမှုကို အဟန့်အတားဖြစ်စေမည့် Barrier များ၏အခြေအနေကို လေ့လာခြင်း၊

(ဆ) အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter) နှင့်အညီ (၂၀၁၅) တွင် ဖြစ်ထွန်းလာမည့် အာဆီယံအသိုက်အဝန်းနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာကြိုတင်စီမံဆောင်ရွက်ထားရှိမှုအခြေအနေ လေ့လာခြင်း၊

(ဇ) ကုန်စည်စီးဆင်းမှုနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေ လေ့လာခြင်း၊

(ဈ) ကုန်ကြမ်းတင်ပို့မှုမှ ကုန်ချော (Value added goods) တိုးမြှင့်တင်ပို့ခြင်းအခြေအနေ လေ့လာခြင်း၊

(ည) စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ အခြားကိစ္စရပ်များကို လေ့လာခြင်း၊

(ဋ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**ကော်မတီ၏လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းသတ်မှတ်ခြင်း**

၃။ ကော်မတီ၏ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းသည် အမျိုးသားလွှတ်တော်ဥပဒေပုဒ်မ (၃၀) ပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်သည်။ ကော်မတီ၏သက်တမ်းကို တစ်နှစ်သတ်မှတ်ထားရှိပါသည်။

**အထွေထွေ**

၄။ ကော်မတီ၏ပုံမှန်အစည်းအဝေးများကို နှစ်ပတ်လျှင် တစ်ကြိမ် ပုံမှန်ကျင်းပရန်၊ လိုအပ်ချက်ပေါ်မူတည်၍လည်း ကျင်းပသွားရန်နှင့် ကော်မတီဝင်များ ဖြစ်နိုင်သမျှစုံညီစွာတက်ရောက်ရန်ဖြစ်သည်။ မတက်ရောက်နိုင်ပါက ခွင့်ပန်ကြားရန်ဖြစ်ပါသည်။

၅။ ကော်မတီ၏ရုံးအဖွဲ့ကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးက တာဝန်ယူကြီးကြပ်ရန်၊ အစည်းအဝေးမှတ်တမ်းများကို အတွင်းရေးမှူး၏ကြီးကြပ်မှုဖြင့် ရုံးအဖွဲ့က တာဝန်ယူဆောင်ရွက်ရန်ဖြစ်သည်။

၆။ ကော်မတီ၏မူပိုင်းဆိုင်ရာလုပ်ငန်းများ၊ ရုံးပိုင်းဆိုင်ရာလုပ်ငန်းများ၊ ရုံးအသုံးအဆောင်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း စသည်တို့ကို လိုအပ်လျှင် ကော်မတီမှတစ်ဆင့် အမျိုးသားလွှတ်တော်၊ ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်းရေးအဖွဲ့သို့ တင်ပြညှိနှိုင်းစီစဉ်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၇။ ကော်မတီ၏လုပ်ငန်း ရှင်သန်မြန်ဆန်သွက်လက်ရေးအတွက် ကော်မတီဝင်အားလုံး ပွင့်လင်းရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဒေါက်တာ ဗညားအောင်မိုး မဲဆန္ဒနယ်အမှတ် (၇)၊ မွန်ပြည်နယ် ဥက္ကဋ္ဌ
(ခ) ဦးပိုးရယ်အောင်သိန်း မဲဆန္ဒနယ်အမှတ် (၈)၊ ကယားပြည်နယ်
(ဂ) ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့ မဲဆန္ဒနယ်အမှတ် (၁)၊ ကရင်ပြည်နယ်
(ဃ) ဦးကျွန်ခဲန်း မဲဆန္ဒနယ်အမှတ် (၁)၊ ချင်းပြည်နယ်
(င) ဦးဝင်းတင့် မဲဆန္ဒနယ်အမှတ် (၁)၊ စစ်ကိုင်းတိုင်းဒေသကြီး
(စ) ဦးသန်းမြင့် မဲဆန္ဒနယ်အမှတ် (၁၀)၊ တနင်္သာရီတိုင်းဒေသကြီး
(ဆ) ဦးဖိုးဇော် မဲဆန္ဒနယ်အမှတ် (၂)၊ ပဲခူးတိုင်းဒေသကြီး
(ဇ) ဦးသန်းဆွေ မဲဆန္ဒနယ်အမှတ် (၇)၊ မကွေးတိုင်းဒေသကြီး

(ဈ) ဦးဌေးမောင် မဲဆန္ဒနယ်အမှတ် (၁၂)၊ မန္တလေးတိုင်းဒေသကြီး
(ည) ဦးခင်မောင်လတ် မဲဆန္ဒနယ်အမှတ် (၆)၊ ရခိုင်ပြည်နယ်
(ဋ) ဒေါ်ခင်ဝိုင်းကြည် မဲဆန္ဒနယ်အမှတ် (၁)၊ ရန်ကုန်တိုင်းဒေသကြီး
(ဌ) ဦးစိုင်းစံမင်း မဲဆန္ဒနယ်အမှတ် (၃)၊ ရှမ်းပြည်နယ်
(ဍ) ဦးမောင်မောင်အေး မဲဆန္ဒနယ်အမှတ် (၁၁)၊ ဧရာဝတီတိုင်းဒေသကြီး
(ဎ) ဗိုလ်မှူးအောင်ကိုမင်း တပ်မတော်သားကိုယ်စားလှယ်
(ဏ) ဦးစိုင်းတင်အောင် မဲဆန္ဒနယ်အမှတ် (၅)၊ ကချင်ပြည်နယ် အတွင်းရေးမှူး

**လုပ်ငန်းတာဝန်များ**

၂။ ကော်မတီသည် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ (၃၁) အရ လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမည်။

၃။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို လေ့လာစောင့်ကြည့်၍ လိုအပ်သည်များ ပံ့ပိုးကူညီပေးခြင်း၊ ထိန်းညှိပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၄။ ကမ္ဘာ့ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်အတိုင်း ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှု ထက်ဝက်လျှော့ချရန် ရည်မှန်းထားချက်ကို ကမ္ဘာ့နိုင်ငံတကာနှင့် အာဆီယံဒေသနိုင်ငံလွှတ်တော်တို့နှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့မှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌသို့ တင်ပြအကြံပြုချက် ရယူရမည်။

၅။ လွှတ်တော်ဥက္ကဋ္ဌက လိုအပ်၍ဖြစ်စေ၊ သင့်လျော်၍ဖြစ်စေ လေ့လာစေသော (သို့မဟုတ်) ဆောင်ရွက်စေလိုသော အထူးကိစ္စရပ်များကိုလည်း ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ပြီး အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့မှတစ်ဆင့် လွှတ်တော်သို့ အစီရင်ခံစာပြုစုတင်ပြရမည်။

၆။ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် တင်သွင်းသင့်ကြောင်း မှတ်ချက်ပြုသော အစီရင်ခံစာပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ အသေးစိတ်ပြန်လည်ပြုစုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ (၄၁) ပါ ပြဋ္ဌာန်းချက်အတိုင်း လွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်ရမည့်ကိစ္စဖြစ်သော လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ရန် စနစ်တကျတင်သွင်းရမည်။

၇။ ကော်မတီသည် အစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော (သို့မဟုတ်) ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းသတ်မှတ်ခြင်း**

**ကော်မတီ၏လုပ်ပိုင်ခွင့်**

၈။ ကော်မတီသည် ကော်မတီလုပ်ငန်းနှင့်ပတ်သက်ဆက်စပ်သက်ဆိုင်သော အစိုးရဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များအား အမျိုးသားလွှတ်တော်ရေးရာ

ကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့မှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဖိတ်ကြား၍ မေးမြန်းညှိနှိုင်းဆွေးနွေးနိုင်သည်။ စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေးလုပ်ငန်း လုပ်ကိုင်ရာနေရာဒေသသို့ သွားရောက်လေ့လာစိစစ် ညှိနှိုင်းဆွေးနွေးအကြံပြုနိုင်သည်။ လေ့လာရေး ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာလိုအပ်သည်များကို အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော် အုပ်ချုပ်မှုမူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်းရေးအဖွဲ့သို့ ကြိုတင်ညှိနှိုင်းတင်ပြပြီး လွှတ်တော်ရုံး၏စီစဉ်ပေးမှုဖြင့် ဆောင်ရွက်နိုင်သည်။

၉။ ကော်မတီ၏လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲ စီစဉ်ဆောင်ရွက်ပေးသင့်သော (သို့မဟုတ်) လိုအပ်သလို အရေးယူဆောင်ရွက်သင့်သော ကိစ္စရပ်များရှိပါက အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော် အုပ်ချုပ်မှုမူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်းရေးအဖွဲ့မှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့် အတူ ပြည့်စုံစွာပြုစုတင်ပြရမည်။

**ကော်မတီ၏ရပိုင်ခွင့်**

၁၀။ ကော်မတီဝင်များသည် ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ တာဝန်အရ ခရီးသွားလာခြင်းအတွက် ခရီးစရိတ်နှင့် ကော်မတီ ရုံးစိုက်ရာဒေသတွင် ရောက်ရှိနေထိုင်စဉ် တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်နှင့် အခြားစရိတ်များအား တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူခံစားခွင့်ရှိသည်။

၁၁။ ကော်မတီဝင်များသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များဖြစ်သည်နှင့်အညီ တာဝန်ဖြင့် ခရီးသွားလာခြင်းနှင့် တည်းခိုနေထိုင်ခြင်းအတွက် အုပ်ချုပ်မှုနှင့် နေရာထိုင်ခင်းများအား လွှတ်တော်ရုံးက သင့်လျော်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

**ကော်မတီ၏သက်တမ်း**

၁၂။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

**အထွေထွေ**

၁၃။ လွှတ်တော်ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်း၊ အစားထိုးတာဝန်ပေးအပ်ခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်။

၁၄။ ကော်မတီဝင်များ လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ကို အမျိုးသားလွှတ်တော်ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်နိုင်သည်။

၁၅။ ကော်မတီလုပ်ငန်းလိုအပ်ချက်အရ အစည်းအဝေးကျင်းပရန် လိုအပ်လျှင် ကော်မတီဥက္ကဋ္ဌက အခါ အားလျော်စွာ ခေါ်ယူကျင်းပနိုင်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

## တိုင်းရင်းသားရေးရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဖွဲ့စည်းထားသော တိုင်းရင်းသားရေးရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) ဦးဆိုင်ပေါင်းနပ် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ရှမ်းပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) ဦးစခုန်တိန့်ယိန်း | မဲဆန္ဒနယ်အမှတ် (၄)၊ ကချင်ပြည်နယ် | |
| (ဂ) ဦးကျော်ဒင် | မဲဆန္ဒနယ်အမှတ် (၂)၊ ကယားပြည်နယ် | |
| (ဃ) ဦးဆန်းရယ် | မဲဆန္ဒနယ်အမှတ် (၅)၊ ကယားပြည်နယ် | |
| (င) ဦးစောထွန်းမြအောင် | မဲဆန္ဒနယ်အမှတ် (၅)၊ ကရင်ပြည်နယ် | |
| (စ) ဦးစောမြဝင်း | မဲဆန္ဒနယ်အမှတ် (၁၀)၊ ကရင်ပြည်နယ် | |
| (ဆ) ဦးပေါ်လျှံလွင် | မဲဆန္ဒနယ်အမှတ် (၉)၊ ချင်းပြည်နယ် | |
| (ဇ) ဦးမြတ်ကို | မဲဆန္ဒနယ်အမှတ် (၁၂)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (ဈ) ဦးတင်ရှန် | မဲဆန္ဒနယ်အမှတ် (၆)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (ည) ဦးစောအုန်း | မဲဆန္ဒနယ်အမှတ် (၉)၊ မွန်ပြည်နယ် | |
| (ဋ) ဦးကျော်ထွန်းအောင် | မဲဆန္ဒနယ်အမှတ် (၅)၊ ရခိုင်ပြည်နယ် | |
| (ဌ) ဦးလျှူကွယ်ရှိ | မဲဆန္ဒနယ်အမှတ် (၁၀)၊ ရှမ်းပြည်နယ် | |
| (ဍ) ဗိုလ်မှူးကြီးဝင်းလွင်ဦး | တပ်မတော်သားကိုယ်စားလှယ် | |
| (ဎ) ဗိုလ်မှူးကျော်နိုင်ဌေး | တပ်မတော်သားကိုယ်စားလှယ် | |
| (ဏ) ဦးဆလိုင်းခွဲယန် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ချင်းပြည်နယ် | အတွင်းရေးမှူး |

### လုပ်ငန်းတာဝန်များ

၂။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို အစဉ်တစိုက် မမှိတ်မသုန်စွဲမြဲစွာခံယူစောင့်ထိန်း သွားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့်အချက်များ။

(ခ) နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံးသည် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ်စည်းလုံး ညီညွတ်စွာနှင့် အေးချမ်းသာယာစွာ အေးအတူပူအမျှ ဥမကွဲသိုက်မပျက်ဘဲ အစဉ်ထာဝရလက်တွဲ နေထိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်များ။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းဖြစ်ရပ်မှန်များအပေါ် အခြေခံပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုခိုင်မြဲစေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော တိုင်းရင်းသား

မျိုးနွယ်စုများ၏ အခွင့်အရေးဆိုင်ရာအငြင်းပွားမှုများ ပေါ်ပေါက်ပါက ယင်း၏အခြေခံအကြောင်းအချက်များအပေါ် အသေးစိတ်လေ့လာသုံးသပ်ပြီး ဆောင်ရွက်သင့်သည့်အချက်များ။

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများဖြင့် ဖွဲ့စည်းထားအပ်သည့် နိုင်ငံတော်ကြီးဖြစ်ရာ တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ စာနာထောက်ထားမှုနှင့် အပြန်အလှန်ရိုင်းပင်းကူညီမှု၊ တန်းတူညီမျှမှုတို့သည် အရေးကြီးသော အခြေခံလိုအပ်ချက်များဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးတိုင်းက အလေးအနက်လက်ခံယုံကြည်ပြီး လက်တွေ့ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သင့်သည့်အချက်များ။

(င) တိုင်းရင်းသားများ၏ကိုယ်ပိုင်ဘာသာစကား၊ စာပေ၊ အနုပညာနှင့်ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာတို့ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အခြားတိုင်းရင်းသားများ၏ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်သည့်ဘာသာတို့ကို မထိခိုက်စေဘဲ ကူညီဆောင်ရွက်နိုင်မည့် အချက်များ။

(စ) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်သင့်သည့်အချက်များ။

(ဆ) တိုင်းရင်းသားလူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် အယူအဆများ မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်သင့်သည့်အချက်များ။

(ဇ) ပြည်တွင်းပြည်ပအဖျက်အမှောင့်မှန်သမျှ တိုင်းရင်းသားလူမျိုးအားလုံးမှ အသိစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းဖော်ထုတ်နိုင်ရေးနှင့် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းကာကွယ်ကြရန် ဆောင်ရွက်သင့်သည့်အချက်များ။

(ဈ) နိုင်ငံတော်တွင် ပြည်ထောင်စုအရေးနှင့်ပတ်သက်လာလျှင် တိုင်းရင်းသားလူမျိုးများအားလုံးတို့က "ပြည်ထောင်စုအရေး" ကို အဓိကနှင့်ပဓာနကျသော လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားအဖြစ် ခံယူလာရေး ဆောင်ရွက်သွားရန်။

**ကော်မတီ၏လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းသတ်မှတ်ခြင်း**

၃။ တိုင်းရင်းသားရေးရာကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ သင့်လျော်သောပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ တိုင်းရင်းသားလူမျိုးအစုလိုက်ရှိ နေထိုင်ရာဒေသများသို့ အခါအားလျော်စွာသွားရောက်ကွင်းဆင်းလေ့လာခြင်း၊ တွေ့ဆုံခြင်း၊ မေးမြန်းဆွေးနွေးခြင်းများကို အမျိုးသားလွှတ်တော်အုပ်ချုပ်မှုကော်မတီမှ တစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌအား အသိပေးတင်ပြဆောင်ရွက်နိုင်သည်။

၄။ တိုင်းရင်းသားလူမျိုးစုအလိုက်ရှိ မျိုးနွယ်စုများနှင့်ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာတွေ့ဆုံဆွေးနွေးခြင်း၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ရှိ ရေးရာကော်မတီများနှင့်သော်လည်းကောင်း၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ရှိ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့်သော်လည်းကောင်း တွေ့ဆုံညှိနှိုင်းမေးမြန်းဆွေးနွေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ အခက်အခဲနှင့် လိုအပ်ချက်များအား အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးခြင်း၊ ဥပဒေနှင့်ညီညွတ်သော အကြံပေးခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်သည်။

၅။ ကော်မတီ၏လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းတို့ကဖြစ်စေ ပြုပြင်ပြောင်းလဲစီစဉ်ဆောင်ရွက်ပေးရန်သင့်သော (သို့မဟုတ်) အရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက အမျိုးသားလွှတ်တော်၊ အုပ်ချုပ်မှုကော်မတီမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌထံသို့ ပြည့်စုံစွာပြုစုတင်ပြရမည်။

၆။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ ဆွေးနွေးခြင်းများကို လွှတ်တော်အုပ်ချုပ်မှုဆိုင်ရာကော်မတီမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။

၇။ တိုင်းရင်းသားလူမျိုးအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်ချက်များကို အရေးပါမှုအပေါ် အခြေပြုပြီး ဦးစားပေးမှုအလိုက် လွှတ်တော်အုပ်ချုပ်မှုကော်မတီမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ အစီရင်ခံတင်ပြရမည်။

၈။ ကော်မတီသည် ပြည်ပနိုင်ငံများရှိ တိုင်းရင်းသားရေးရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အကြံဉာဏ်များပေးခြင်း၊ အကြံဉာဏ်များရယူခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများကို လွှတ်တော်အုပ်ချုပ်မှုကော်မတီမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ပြုလုပ်ဆောင်ရွက်နိုင်သည်။

၉။ ကော်မတီသည် ပြည်ပနိုင်ငံများရှိ တိုင်းရင်းသားရေးရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန်ဖြစ်စေ လွှတ်တော်အုပ်ချုပ်မှုကော်မတီမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် စီစဉ်ဆောင်ရွက်ခွင့်ရှိသည်။

၁၀။ ကော်မတီသည် တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ရိုးရာပွဲတော်ကြီးများသို့ တက်ရောက်ရန် ဖိတ်ကြားပါက လွှတ်တော်အုပ်ချုပ်မှုကော်မတီမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ သွားရောက်နိုင်သည်။

၁၁။ ကော်မတီသည် ကော်မတီအစည်းအဝေးများကျင်းပရာ၌ ကော်မတီအဖွဲ့ဝင်စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် တက်ရောက်ပါက အစည်းအဝေးအထမြောက်သည်ဟု မှတ်ယူရမည်။

၁၂။ အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူသည့်အခါ မဲခွဲဆုံးဖြတ်သည့်စနစ်ကို ကျင့်သုံး၍ တက်ရောက်သည့် ကော်မတီဝင်များ၏ များရာဆန္ဒမဲဖြင့် အဆုံးအဖြတ်ရယူရမည်။

၁၃။ ကော်မတီသည် အများ၏ဆုံးဖြတ်ချက်ကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

၁၄။ အကြောင်းကြောင်းကြောင့် အစည်းအဝေးမတက်ရောက်နိုင်ပါက ကော်မတီသို့ ခွင့်ပန်ကြားတင်ပြရမည်။

၁၅။ ကော်မတီဝင်များသည် ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ တာဝန်အရ ခရီးသွားလာခြင်းအတွက် ခရီးစရိတ်နှင့် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေထိုင်စဉ် တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်နှင့် အခြားစရိတ်များအား တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူခံစားခွင့်ရှိသည်။

၁၆။ ကော်မတီဝင်များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များဖြစ်သည်နှင့်အညီ တာဝန်ဖြင့် ခရီးသွားလာခြင်းနှင့် တည်းခိုနေထိုင်ခြင်းအတွက် အုပ်ချုပ်မှုနှင့် နေရာထိုင်ခင်းများအား လွှတ်တော်ရုံးက သင့်လျော်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

၁၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**အထွေထွေ**

၁၈။ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီ၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်စည်းမျဉ်းသည် အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီ၏ တိုင်းရင်းသားရေးရာနှင့်စပ်ဆိုင်သော တိုင်းရင်းသားရေးရာသုတေသနပြုသည့်လုပ်ငန်း၊ စည်းရုံးရေးလုပ်ငန်းများနှင့် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးရေးလုပ်ငန်း အပါအဝင် ဆောင်ရွက်ရာလမ်းညွှန်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

**အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဖွဲ့စည်းထားသော အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြင်ဆင်ဖွဲ့စည်း လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါ်နန်းနီနီအေး | မဲဆန္ဒနယ်အမှတ် (၆)၊ ကရင်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဂမ်ဆိုင်း | မဲဆန္ဒနယ်အမှတ် (၂)၊ ကချင်ပြည်နယ် | |
| (ဂ) | ဒေါက်တာထွန်းလွင် | မဲဆန္ဒနယ်အမှတ် (၉)၊ ကချင်ပြည်နယ် | |
| (ဃ) | ဒေါ်နော်မေးရီယန် | မဲဆန္ဒနယ်အမှတ် (၄)၊ ကယားပြည်နယ် | |
| (င) | ဦးစောအေးမြိုင် | မဲဆန္ဒနယ်အမှတ် (၈)၊ ကရင်ပြည်နယ် | |
| (စ) | ဦးမြတ်ကို | မဲဆန္ဒနယ်အမှတ် (၁၂)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (ဆ) | ဦးဝင်းနိုင်ရှိန် | မဲဆန္ဒနယ်အမှတ် (၅)၊ ပဲခူးတိုင်းဒေသကြီး | |
| (ဇ) | ဒေါက်တာခင်မောင်လေး | မဲဆန္ဒနယ်အမှတ် (၈)၊ ပဲခူးတိုင်းဒေသကြီး | |
| (ဈ) | ဦးဝင်းမောင် | မဲဆန္ဒနယ်အမှတ် (၄)၊ မန္တလေးတိုင်းဒေသကြီး | |
| (ည) | ဒေါက်တာစိုးဝင်း | မဲဆန္ဒနယ်အမှတ် (၂)၊ မွန်ပြည်နယ် | |
| (ဋ) | ဦးတင်ယု | မဲဆန္ဒနယ်အမှတ် (၁၁)၊ ရန်ကုန်တိုင်းဒေသကြီး | |
| (ဌ) | ဒေါက်တာငွေးနိုင် | မဲဆန္ဒနယ်အမှတ် (၇)၊ ဧရာဝတီတိုင်းဒေသကြီး | |
| (ဍ) | ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး | တပ်မတော်သားကိုယ်စားလှယ် | |
| (ဎ) | ဗိုလ်မှူးအောင်ကျော်ဇော | တပ်မတော်သားကိုယ်စားလှယ် | |
| (ဏ) | ဗိုလ်မှူးနိုင်နိုင်ဝင်း | တပ်မတော်သားကိုယ်စားလှယ် | အတွင်းရေးမှူး |

**လုပ်ငန်းတာဝန်များ**

၂။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီသည် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ (၃၁) အရ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်ကို တာဝန်ခံရမည်။

(ခ) အမျိုးသမီးများနှင့်ကလေးသူငယ်များအခွင့်အရေးကို မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်မှု ရရှိရေးအတွက် နိုင်ငံတော်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်း များကို လေ့လာစောင့်ကြည့်၍ လိုအပ်သည်များ ပံ့ပိုးကူညီပေးခြင်းနှင့် ထိန်းညှိပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) အပြည်ပြည်ဆိုင်ရာနှင့်ဒေသတွင်းဆိုင်ရာ အမျိုးသမီးများနှင့်ကလေးသူငယ်များဆိုင်ရာ ပြဋ္ဌာန်း ချက်များ၊ ကြေညာချက်များ၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုကို လေ့လာ သုံးသပ်ပြီး လိုအပ်ပါက အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့မှတစ်ဆင့် လွှတ်တော်သို့ တင်ပြအကြံပြုချက်ရယူရမည်။

(ဃ) မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသော အမျိုးသမီးများနှင့်ကလေးသူငယ်များဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့်ပတ်သက်၍ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ရေးဆွဲရန် လိုအပ်သည်ဟု တွေ့ရှိက အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့မှတစ်ဆင့် လွှတ်တော်သို့ တင်ပြရပါမည်။

(င) အမျိုးသမီးများနှင့်ကလေးသူငယ်များဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လွှတ်တော်၏ဆုံးဖြတ်ချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လာလျှင် လိုအပ်သလို လေ့လာစိစစ်၍ ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့မှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(စ) အမျိုးသမီးများနှင့်ကလေးသူငယ်များဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌက သီးခြားညွှန်ကြားမှုပြုလာလျှင် လိုအပ်သလို လေ့လာပြုစု၍ ကော်မတီ၏ဆောင်ရွက်မှုအကြံပြုအစီရင်ခံစာကို အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့မှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌထံသို့ ပြန်လည်တင်ပြရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၃။ ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ တာဝန်ရှိသူများအား လွှတ်တော်ရုံးမှတစ်ဆင့် ဖိတ်ကြားဆွေးနွေးမှုပြုလုပ်နိုင်သည်။

၄။ ကော်မတီသည် လုပ်ငန်းနှင့်သက်ဆိုင်သည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့် စာရင်းဇယားများကို လွှတ်တော်ရုံးမှတစ်ဆင့် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများထံမှ တောင်းခံနိုင်သည်။

၅။ ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ (Workshop) စာတမ်းဖတ်ပွဲများကို အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်းရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စီမံဆောင်ရွက်နိုင်သကဲ့သို့ အခြားဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများကိုလည်း တက်ရောက်နိုင်ခွင့်ရှိသည်။

၆။ ကော်မတီသည် လိုအပ်သည့်နယ်မြေ၊ ဒေသများသို့ သွားရောက်လေ့လာရန် ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာလိုအပ်ချက်များကို အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့၏ ညှိနှိုင်းခွင့်ပြုချက်ဖြင့် ဆောင်ရွက်မှုရယူနိုင်သည်။

**ကော်မတီ၏ရပိုင်ခွင့်**

၇။ ကော်မတီဝင်များသည် ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ တာဝန်အရ ခရီးသွားလာခြင်းအတွက် ခရီးစရိတ်နှင့် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေထိုင်စဉ် တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်နှင့် အခြားစရိတ်များအား တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခံစားခွင့်ရှိသည်။

**ကော်မတီ၏သက်တမ်း**

၈။ ကော်မတီ၏သက်တမ်းသည် ပြင်ဆင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

**အထွေထွေ**

၉။ ကော်မတီသည် အစည်းအဝေးကို ရေးရာဆောင် (I-15) တွင် ကော်မတီဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သလို ခေါ်ယူကျင်းပနိုင်သည်။

၁၀။　ကော်မတီအစည်းအဝေးများ ကျင်းပခြင်း၊ လွှတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်များကို ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။　ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်းများကို အမျိုးသားလွှတ်တော် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၃

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

### နိုင်ငံတကာဆက်ဆံရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။　အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဖွဲ့စည်းထားသော နိုင်ငံတကာ ဆက်ဆံရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးညွန့်တင် | မဲဆန္ဒနယ်အမှတ် (၂)၊ ရန်ကုန်တိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုင်းသာစိန် | မဲဆန္ဒနယ်အမှတ် (၁၀)၊ ကယားပြည်နယ် | |
| (ဂ) | ဦးဇုန်လှယ်ထန်း | မဲဆန္ဒနယ်အမှတ် (၂)၊ ချင်းပြည်နယ် | |
| (ဃ) | ဦးစိုးသက် | မဲဆန္ဒနယ်အမှတ် (၁)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (င) | ဦးတင်မောင်မြင့် | မဲဆန္ဒနယ်အမှတ် (၃)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (စ) | ဦးသန်းမြင့် | မဲဆန္ဒနယ်အမှတ် (၁၀)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (ဆ) | ဒေါက်တာစိုးထွန်း | မဲဆန္ဒနယ်အမှတ် (၁)၊ မန္တလေးတိုင်းဒေသကြီး | |
| (ဇ) | ဦးစိုးအောင် | မဲဆန္ဒနယ်အမှတ် (၁၁)၊ မန္တလေးတိုင်းဒေသကြီး | |
| (ဈ) | ဦးခင်မောင်လတ် | မဲဆန္ဒနယ်အမှတ် (၆)၊ ရခိုင်ပြည်နယ် | |
| (ည) | ဦးမောင်အေးထွန်း | မဲဆန္ဒနယ်အမှတ် (၉)၊ ရခိုင်ပြည်နယ် | |
| (ဋ) | ဦးဝင်းနောင် | မဲဆန္ဒနယ်အမှတ် (၅)၊ ရန်ကုန်တိုင်းဒေသကြီး | |
| (ဌ) | ဦးရှုမောင် | မဲဆန္ဒနယ်အမှတ် (၈)၊ ရှမ်းပြည်နယ် | |
| (ဍ) | ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ထူး | တပ်မတော်သားကိုယ်စားလှယ် | |
| (ဎ) | ဒုတိယဗိုလ်မှူးကြီး စိုးလင်း | တပ်မတော်သားကိုယ်စားလှယ် | |
| (ဏ) | ဗိုလ်မှူးနေလင်းအောင် | တပ်မတော်သားကိုယ်စားလှယ် | အတွင်းရေးမှူး |

၂။ ကော်မတီ၏သက်တမ်းသည် ပြင်ဆင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်**

၄။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) မြန်မာနိုင်ငံ၏နိုင်ငံခြားရေးမူဝါဒများဖြစ်သည့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်၊ အထက်ပါအချက်များကို ထိန်းညှိကူညီဆောင်ရွက်ခြင်း၊

(ခ) မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများကို စိစစ်၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်း၊

(ဂ) ဒေသတွင်းရှိ နိုင်ငံတကာလွှတ်တော်များသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာများ ပေးပို့ရန်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်း၊

(ဃ) ကုလသမဂ္ဂအဖွဲ့ချုပ်၏မျက်နှာစာတွင် နိုင်ငံတော်၏အကျိုးစီးပွားကို ထိခိုက်လာနိုင်သည့်လုပ်ဆောင်ချက်များကို ကြိုတင်ဟန့်တားနိုင်ရေးအတွက် လေ့လာခြင်း၊

(င) အာဆီယံအသင်းကြီး၏ပဋိညာဉ်နှင့် မကိုက်ညီသုံးရပ်ဆိုင်ရာလုပ်ငန်းများ၊ အာဆီယံအသင်းကြီး၏ပဋိညာဉ်ကို ကျော်လွန်၍ မြန်မာနိုင်ငံအကျိုးစီးပွားကို ထိခိုက်အောင် ဆောင်ရွက်မှုများ (ရှိလာပါက) ကို လေ့လာခြင်း၊

(စ) နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့တင်ပြရန် ဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်သည့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီဆောင်ရွက်ခြင်း၊

(ဇ) ကုလသမဂ္ဂအဖွဲ့အစည်း (UNDP, UNESCO, UNHCR, UNICEF) တို့နှင့် နိုင်ငံ့ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုများ၊ ဥပဒေနှင့်ညီညွတ်ရေး၊ မိတ်မပျက် စဉ်ဆက်မပြတ်ပေါင်းစည်းဆောင်ရွက်နိုင်ရေး ထိန်းညှိပေးခြင်း၊

(ဈ) အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ဆက်စပ်ပြဿနာများ၊ မိတ်ဖက်ဆောင်ရွက်ချက်များကို လေ့လာ၍ တွေ့ရှိချက်ကို လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ တင်ပြခြင်း၊

(ည) လွှတ်တော်ဥက္ကဋ္ဌက သီးခြားပေးအပ်သောတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ဆက်သွယ်၍ သတင်းအချက်အလက်များရယူစုဆောင်းခြင်း၊

(ဋ) အမျိုးသားအကျိုးစီးပွားအတွက် ရည်ရွယ်၍ ကမ္ဘာ့နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မည့်နည်းလမ်းသစ်များ ရှာဖွေခြင်း၊ စုဆောင်းခြင်းနှင့် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်း၊

(ဌ) ကမ္ဘာ့တိုင်းပြည်များတွင် ဖြစ်ပေါ်နေသည့် အခြေအနေများအရ နိုင်ငံတော်၏လုံခြုံရေးအား ထိခိုက်လာနိုင်သည့် အလားအလာများကို လေ့လာဆန်းစစ်၍ လွှတ်တော်ဥက္ကဋ္ဌသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၅။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံခြားရေးရာစာစောင်များကို ပြုစုတင်ပြရန်နှင့် လွှတ်တော်များသို့ တရားဝင်ချစ်ကြည်ရေး လာရောက်ကြသည့် အထင်ကရပုဂ္ဂိုလ်များ၏ ကိုယ်ရေးအချက်အလက်များနှင့် မိန့်ခွန်းများ၊ သတင်းအချက်အလက်ဆောင်းပါးများ ဘာသာပြန်ဆိုရန်၊

(ခ) အာဆီယံနိုင်ငံများမှ ဖိတ်ကြားသော လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်ခြင်းနှင့် မှတ်တမ်းတင်ခြင်း ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အပြည်ပြည်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ နိုင်ငံရေး၊ စီးပွားရေး ဆက်သွယ်ဆောင်ရွက်မှု အခြေအနေအရပ်ရပ်ကို အမြဲမပြတ်လေ့လာဆန်းစစ်၍ မှတ်တမ်းပြုစုထားရှိရန်၊

(ဃ) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း (UN) လက်အောက်ခံအဖွဲ့အစည်းများဖြစ်သော (UNDP, UNESCO, UNHCR, UNICEF) စသော အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက တွေ့ဆုံခွင့်ပြုရန် တင်ပြလာပါက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ လက်ခံတွေ့ဆုံနိုင်ရေး ဆောင်ရွက်ရန်၊

(င) အာဆီယံအဖွဲ့အစည်း၏ ရည်ရွယ်ချက်၊ အခြေခံမူများနှင့်အညီ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊

(စ) အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်း၊ လူမှုရေးနှင့်ယဉ်ကျေးမှုအသိုက်အဝန်း ထူထောင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ တိုးမြှင့်ဆောင်ရွက်သွားရန်၊

(ဆ) သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများနှင့် နယ်စပ်ဖြတ်ကျော်မှုများအား ထိရောက်စွာစုပေါင်းတုံ့ပြန်ရန်နှင့် Comprehensive Security ရရှိရေး၊ နိုင်ငံအချင်းချင်း ပွင့်ပွင့်လင်းလင်း ထင်သာမြင်သာရှိအောင် ဆက်ဆံဆောင်ရွက်သွားရန်၊

(ဇ) နိုင်ငံတော်နှင့် ပြည်သူတို့၏ အမျိုးသားအကျိုးစီးပွား ထိခိုက်စေနိုင်သည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ ဆက်ဆံရေး စသည့် အခြေအနေများအား စဉ်ဆက်မပြတ်လေ့လာတင်ပြရန်၊

(ဈ) "Diplomacy is the first line of Defence" ဟု ဆိုသည့်အတိုင်း နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် လွှတ်တော်၏သံတမန်ဆက်ဆံရေးစွမ်းအား ပိုမိုဖြန့်ကြက်နိုင်ရေး၊ ကမ္ဘာ့နိုင်ငံအားလုံးရှိ လွှတ်တော်များက ထောက်ခံကူညီပံ့ပိုးမှုရရှိစေရေးအတွက် သံတမန်နည်းလမ်းဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်နှင့်မျက်နှာစာ ပိုမိုကျယ်ပြန့်ကြီးမားလာအောင် စဉ်ဆက်မပြတ် စည်းရုံးဆက်ဆံသွားရန်။

**လွှတ်တော်ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း**

၆။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၃ နှင့် ၈၄ ပါ ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။

**လွှတ်လပ်စွာပြောဆိုခွင့်နှင့်ဆန္ဒမဲပေးပိုင်ခွင့်**

၇။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၇၊ ၄၈ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

**ကော်မတီဝင်များ၏ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၈။ ကော်မတီဝင်များသည် ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ တာဝန်အရခရီးသွားလာခြင်းအတွက် ခရီးစရိတ်နှင့် ကော်မတီ ရုံးစိုက်ရာဒေသတွင် ရောက်ရှိနေထိုင်စဉ် တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်နှင့် အခြားစရိတ်များအား တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူခံစားခွင့်ရှိသည်။

၉။ ကော်မတီဝင်များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များဖြစ်သည်နှင့်အညီ တာဝန်ဖြင့် ခရီးသွားလာခြင်းနှင့် တည်းခိုနေထိုင်ခြင်းအတွက် အုပ်ချုပ်မှုနှင့် နေရာထိုင်ခင်းများအား လွှတ်တော်ရုံးက သင့်လျော်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် )

အမှတ် ၄၅ ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ လသာမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ ဗိုလ်ရွဲလမ်း၊ အမှတ် (၁၅၃)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၁ ဘီ^၂)၊ မြေကွက်အမှတ် (Southern $\frac{1}{3}$ of 2nd Southern $\frac{1}{4}$ and 2nd Northern $\frac{1}{4}$ of II.12)၊ မြေပိုင်မြေ၊ ဧရိယာ (၁၆' ၈" × ၆၀') ရှိ မြေနှင့် အဆောက်အဦအား မရွှေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၆ (က) နှင့် အညီ အမွေဆက်ခံခွင့်ရှိသူများအားလုံးက သက်ဆိုင်ရာအမွေဆက်ခံခွင့်ဥပဒေအရ တရားရုံးတွင် အမွေ ဆက်ခံခွင့် တောင်းခံရန်ခွင့်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ကချင်ပြည်နယ်အစိုးရအဖွဲ့

**စည်ပင်သာယာရေးဝန်ကြီးဌာန**

**ရုံးမိန့်အမှတ် (၂/၂၀၁၃)**

မြစ်ကြီးနားမြို့၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၆ ရက် )

ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့အောက်ရှိ ဒုတိယဦးစီးမှူး ဦးတင်မောင်ထွေးအား အလုပ်တာဝန်ဝတ္တရား လက်ခံ ဆောင်ရွက်သည့်နေ့မှစ၍ ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အဆင့် ရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

အလေးပါး၊

ဝန်ကြီး၊

ကချင်ပြည်နယ်အစိုးရအဖွဲ့၊

စည်ပင်သာယာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**စည်ပင်သာယာရေးဝန်ကြီးဌာန**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

အမှတ် ၁ ။ ။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ မကွေး တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အောက်ဖော်ပြပါ ဦးစီးအရာရှိ (၉) ဦးအား အလုပ်ဝတ္တရားများ လက်ခံ ဆောင်ရွက်သည့်နေ့မှစ၍ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| | | |
|---|---|---|
| (က) | ဒေါ်မြင့်ဌေး | မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| (ခ) | ဦးဇော်နိုင်လင်း | ရေစကြိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| (ဂ) | ဦးနေမန်း | မြို့သစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| (ဃ) | ဦးကျော်သူ | စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| (င) | ဦးမြလင်း | သရက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| (စ) | ဦးအောင်မင်းကြိုင် | ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| (ဆ) | ဦးဝင်းနိုင် | ဂန့်ဂေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| (ဇ) | ဦးသိန်းနိုင် | နတ်မောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| (ဈ) | ဦးသိန်းဌေး | မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ |

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် )

အမှတ် ၂ ။ ။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဦးအား မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးအဆင့်သို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

နေရှင်း၊
ဝန်ကြီး၊
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊
စည်ပင်သာယာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**အမိန့်အမှတ် (၃၆/၂၀၁၃)**

မန္တလေးမြို့၊ ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် )

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနတွင် ဌာနခွဲမှူးတာဝန်ထမ်းဆောင်နေသော ဦးသိန်းမြင့်သည် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အသက် (၆၀) ပြည့်မည်ဖြစ်ပါသဖြင့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့မှစ၍ ခံစားခွင့်ပြုကြောင်းနှင့် ကြိုတင်ပြင်ဆင်ခွင့်ကုန်ဆုံးသည့် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှစ၍ သက်ပြည့်ပင်စင်ခံစားခွင့်ပြုလိုက်သည်။

**အမိန့်အမှတ် (၃၉/၂၀၁၃)**

မန္တလေးမြို့၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် )

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီး ဦးဖုန်းဇော်ဟန်အား နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့ထုတ်ပြန်သော အမိန့်အမှတ် (၄၁/၂၀၁၃) အရ နေပြည်တော်ကောင်စီဝင်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်ပါသဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးအောင်ဇံအား မိမိ၏တာဝန်ဝတ္တရားများအပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီး၏တာဝန်ကို ပူးတွဲထမ်းဆောင်စေလိုက်သည်။

ရဲမြင့်၊
ဝန်ကြီးချုပ်၊
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်<br>( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## <u>အပိုင်း ၂</u>

### နိုင်ငံတော်သမ္မတရုံး
### အမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၁၃

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် )

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံး ဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၅) တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိရာထူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) နေရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇေယျာလင်းအား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၆၇/၂၀၁၃

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် )

နိုင်ငံတော်သမ္မတရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ အရာထမ်းများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ယင်းတို့နှင့်ယှဉ်တွဲပါ ရာထူးနှင့်နေ့ရက်များတွင် အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး | အတည်ပြုခန့်ထားသည့်နေ့ |
|---|---|---|---|
| (၁) | ဦးပြည့်ဖြိုးတင်ဖေ | လက်ထောက်ညွှန်ကြားရေးမှူး | ၁၅-၁၀-၂၀၁၃ |
| (၂) | ဦးလှဦး | လက်ထောက်ညွှန်ကြားရေးမှူး | ၂၄-၁၀-၂၀၁၃ |

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

**အမျိုးသားလွှတ်တော်ရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၃**
နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် )

အမျိုးသားလွှတ်တော်ရုံးမှ အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ဌာန အသီးသီးတွင် တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည်/ရာထူး | ဌာန |
|---|---|---|
| ၁။ | ဒေါ်သီတာထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌရုံး |
| ၂။ | ဦးလှဝင်း<br>ညွှန်ကြားရေးမှူး | ဥပဒေပြုဌာနကြီး<br>အစည်းအဝေးဌာန |
| ၃။ | ဦးသိန်းမော်<br>ညွှန်ကြားရေးမှူး | ဥပဒေပြုဌာနကြီး<br>ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဌာန |

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

**စစ်ရာထူးခန့်ချုပ်ရုံး**
**(ကြည်းတပ်ဌာနခွဲ)**
၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် )

အမှတ် ၁၁၃/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | မြင့်ထူး | ကြည်း | ၆၅၉၆၅ |
| (၂) | ဝွန်ဂျာ | ကြည်း | ၆၅၉၆၆ |
| (၃) | အောင်သင်း | ကြည်း | ၆၅၉၆၇ |

**(ကြည်းတပ်ဌာနခွဲ)**
၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် )

အမှတ် ၁၁၄/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့

အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| (၁) | အဲချို | ကြည်း | ၆၅၉၆၈ | (၁၅-၁၀-၂၀၁၃) |
| (၂) | မြင့်ကျော် | ကြည်း | ၆၅၉၆၉ | (၁၉-၁၀-၂၀၁၃) |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် )

အမှတ် ၁၁၇/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | ခင်မောင်ကြည် | ကြည်း | ၆၅၉၇၀ |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် )

အမှတ် ၁၂၀/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| (၁) | ညွန့်ရွှေ | ကြည်း | ၆၅၉၇၁ | (၂၇-၁၀-၂၀၁၃) |
| (၂) | ဝင်းဆွေ | ကြည်း | ၆၅၉၇၂ | (၂၉-၁၀-၂၀၁၃) |
| (၃) | လှထွန်းကျော် | ကြည်း | ၆၅၉၇၃ | (၂၉-၁၀-၂၀၁၃) |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် )

အမှတ် ၁၂၂/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့

အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

(၁) အောင်ကျော်ထွန်း ကြည်း ၆၅၉၇၄

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၃

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် )

### Master and Deck Department နှင့် Engine Department တို့အတွက် ပင်လယ်ပြင်လုပ်သက်တွက်ချက်ခြင်းဆိုင်ရာနည်းလမ်းများနှင့်ပတ်သက်သည့် လမ်းညွှန်ချက်

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၉၄၊ ပုဒ်မခွဲ (ခ) နှင့် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု လက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ၏ အခန်း (၄) ပါ ပြဋ္ဌာန်းချက်များအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ Master and Deck Department နှင့် Engine Department တို့အတွက် ပင်လယ်ပြင်လုပ်သက် တွက်ချက်ခြင်းဆိုင်ရာနည်းလမ်းများနှင့်ပတ်သက်သည့် လမ်းညွှန်ချက်ကို International Convention on Standards of Training, Certification and Watchkeeping for Seafarers (STCW), 1978 as amended including 2010 Minila Amentmends နှင့်အညီ ပူးတွဲပါအတိုင်း သတ်မှတ်လိုက်သည်။

မောင်မောင်ဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန။

**DEPARTMENT OF MARINE ADMINISTRATION**

**Marine Guidance (1/2013)**

Date : 14th August 2013

**"Guidance for approved seagoing service"**

**Applicable to :** Myanmar Maritime University, Myanmar Mercantile Marine College, Approved Training Institutions, Shipping Companies, Examiners, Myanmar Seafarers.

**MASTER AND DECK DEPARTMENT**

**Certificate Structure**

1. The Notifications provides for the certification of masters and deck department personnel involved in bridge watchkeeping and navigational duties as shown in *Table 1*. However, additional flexibility is provided by further limitations and restrictions on certification for specific ship types or trades, as appropriate.

**Table 1 : Summary of Deck Officer Certificates of Competency**

| No. | Certificate | Capacity | Area Limitation | Tonnage Limitation | STCW Regulation |
|---|---|---|---|---|---|
| 1. | Deck Officer Class I | Master | Unlimited | None | II/2 |
| 2. | Deck Officer Class I* | Master | Unlimited | Less than 3,000 gt | II/2* |
| 3. | Deck Officer Class II | Chief Mate | Unlimited | None | II/2 |
| 4. | Deck Officer Class II* | Chief Mate | Unlimited | Less than 3,000 gt | II/2* |
| 5. | Deck Officer Class III | OOW | Unlimited | None | II/1 |
| 6. | Deck Officer Class IV | Master | Near-coastal | Less than 3,000 gt | II/2* |
| 7. | Deck Officer Class V | Chief Mate | Near-coastal | Less than 3,000 gt | II/2* |

2. There are two main routes to gaining the necessary skills and underpinning knowledge required for the issue of a certificate of competency:

(A) (1) through a Degree from University, or

(2) through a Diploma from the College, and

(B) the route based on traditional examinations alone.

3. Where appropriate, any route can lead through the nationally recognized qualifications, either a Degree from Myanmar Maritime Universtiy or a Diploma from Myanmar Mercantile Marine College or attempts on traditional examinations conducted by the Department of Marine Administration (DMA).

**Approved Seagoing Service**

4. (A) **"Seagoing service"** means *service on board a ship* relevant to the issue or revalidation of a certificate or other qualification.

(B) **"Approved seagoing service"** means *qualified seagoing service* on board a ship, relevant to the issue or revalidation of a certificate or other qualification, which has been identified and approved by the Department of Marine Administration (DMA).

(C) **"Qualified seagoing service"** means *seagoing service on board a ship* which has been determined by the Department of Marine Administration (DMA) in accordance with the requirements for such service specified in *paragraph 5 of this Directive.*

(D) The phrase ***"service on board a ship"*** allows the acceptance of service on board a ship while it is in port or in dry-dock and so on, provided that, such periods form part of normal ship operations in which seafarers have to become competent and it is the intention to provide for their acceptance as part of a seagoing voyage completed by the seafarer. Although valuable experience, periods of service performed as relieving officer on board a ship only while it is in port and which do not include any part of the seagoing stage of the voyage cannot be described as seagoing.

**Table 2 : Summary of Sea Service Requirements for Certificates of Competency**

| Capacity | Voyage | Ship size | Min. age | MMU | MMMC | Matriculated |
|---|---|---|---|---|---|---|
| **OOW (Reg. II/1) (Deck Officer Class III)** | Unlimited | Unlimited | 18 | 36 months* (reduced to 12 months* if following an approved training programme)* | 36 months* (reduced to 18 months* if following an approved training programme)* | 36 months |
| **Chief Mate (Reg. II/2) (Deck Officer Class II)** | Unlimited | Unlimited | - | 12 months watchkeeping service whilst holding a II/1 certificate | | |
| **Master (Reg. II/2) (Deck Officer Class I)** | Unlimited | Unlimited | 20 | 24 months watchkeeping service whilst holding a Chief Mate unlimited II/2 certificate<br>or<br>12 months served as Chief Mate whilst holding a Chief Mate unlimited II/2 certificate | | |
| **Chief Mate (Reg. II/2*)** | Unlimited | Less than 3,000 gt | | 12 months watchkeeping service whilst holding a II/1 certificate<br>or<br>12 months watchkeeping service whilst holding a Chief Mate (NCV) II/2* (Class V) certificate | | |
| **Master (Reg. II/2*)** | Unlimited | Less than 3,000 gt | | 12 months watchkeeping service whilst holding a Chief Mate unlimited II/2 certificate<br>or<br>12 months watchkeeping service whilst holding a Chief Mate unlimited (< 3,000 gt) II/2* certificate<br>or<br>12 months Command service whilst holding a Master (NCV) II/2* (Class IV) certificate | | |

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် ( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ရွှေအဆင်းသစ် အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်

### GOLDEN NEO ENGINEERING CO., LTD

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှေအဆင်းသစ် အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက် (GOLDEN NEO ENGINEERING CO., LTD)** အား (၂၀-၁၁-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်တင်တင်ကျော် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ညွန့်ညွန့်အောင်
မန်နေးဂျင်းဒါရိုက်တာ
ရွှေအဆင်းသစ်
အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီလီမိတက်

ဒေါ်တင်တင်ကျော် [B.Com (Q), C.P.A]
Daw Tin Tin Kyaw & Group Audit Firm
အမှတ် (၄၅၀)၊ ၄ လွှာ၊ ကမ်းနားလမ်းမ၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**CGG Venitas Yangon Branch**

၂၀၁၃ ခုနှစ်၊ မေလ (၅) ရက်နေ့တွင် **CGG Venitas Yangon Branch** ၌ ပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **CGG Venitas Yangon Branch** အား ၃-၅-၂၀၁၃ နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်ချိုကြည် [B.A, Law (LL.B, LL.M), Managing Director, Myanmar Legal Services Ltd., Room 117, Inya Lake Hotel] အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ၃၀-၇-၂၀၁၃ နေ့တွင် ခန့်အပ်ထားပါသည်။

**CGG Venitas Yangon Branch** နှင့်စပ်လျဉ်းပြီး ရရန်နှင့်ပေးရန်ရှိသည်များကို (၂၂-၁၂-၂၀၁၃) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထား ခိုင်လုံစွာဖြင့် တင်ပြတောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်ခင်ချိုကြည်
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**မြန်မာပဒုမ္မာ ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်**

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာပဒုမ္မာ ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက် (LOTUS MYANMAR TRAVEL & TOURS COMPANY LIMITED.)** ကို (၂၀-၁၁-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ (၂) ဦးရဲထွဋ်ဆွေ (B.Sc) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

U Chan Pyae San Lwin
Managing Director
Lotus Myanmar Travels & Tours Co., Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွဋ်ဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၂၂-၁၁-၂၀၁၃။